ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့၊ (12-6-2005) (၄၆၂၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၅ ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၇)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာ၊ မာဂါပါဂလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၅ ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာဖြိုပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းပိုစတာပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အားပေးချီးမြှင့်

ရန်ကုန် ဇွန် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ပြည်နယ်နှင့်တိုင်း မြို့ကြီးများရှိ သတ်မှတ်နေရာများ၌ တစ်ပြိုင်တည်းကျင်းပကြပြီး ရန်ကုန်တိုင်း အလုံမြို့နယ်ခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း ပိုစတာပြိုင်ပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အားပေးချီးမြှင့်သည်။

စစ်ဆေးအားပေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါလိုက်ပါလျက် တာဝန်ရှိသူများနှင့်အတူ နံနက် ၁၀နာရီတွင် အလုံမြို့နယ်ခန်းမသို့ ရောက်ရှိလာပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း အလုံမြို့နယ်ခန်းမ၌ ကျင်းပသော ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း ပိုစတာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

* *ဒီမိုကရေစီ လူနေမှု ဘဝထူထောင် နိုင်ငံတော်ပြည်သူနှင့် တပ်မတော် ပေါင်းစည်းကြိုးပမ်း။*
  ခေါင်းကြီး
  (စာမျက်နှာ–၂)
* *တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံမှာ မြန်မာနိုင်ငံ၌ လောလောဆယ်တွင်တည်ဆောက်ပြီး စက်ရုံများအနက် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး အရ လည်းကောင်း၊ ထုတ်ကုန် ပမာဏ အရ လည်းကောင်း၊ လုပ်သား အင်အား ပမာဏ အရလည်းကောင်း အကြီးဆုံး စက်ရုံတစ်ရုံဖြစ်သည်။*
  မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏“အလှဖွေရှာမြရော”
  ဆောင်းပါး
  (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၂–၆–၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒီမိုကရေစီ လူနေမှုဘဝ ထူထောင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ပေါင်းစည်းကြိုးပမ်း

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းအပေါ် အမှီပြု၍ ပစ္စုပ္ပန်နှင့်အနာဂတ်တို့ကို ဆက်စပ်ပြီး နိုင်ငံတော်တစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားအတွက် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်နေသည်။

မြန်မာနိုင်ငံ၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ တွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် အထင်အရှားတွေ့နိုင်သည်။ ထိုသို့သော အမျိုးသားရေး စိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ဖြင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်ခံ့နေစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ခဲ့သည်။

ယင်းသို့သော တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးမှုစွမ်းအား၊ ညီညွတ်မှုအစဉ်အလာကောင်းများဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြသကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို ဆက်လက်ပါဝင် တည်ဆောက်သွားကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဇွန်လ ၆ ရက်နေ့က ဒုဋ္ဌဝတီတံတား(နောင်ချို)ဖွင့်ပွဲ အခမ်းအနား၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် **“မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးနှင့် ဆီလျော်ကိုက်ညီသည့် ဒီမိုကရေစီ လူနေမှုဘဝကို မိမိတို့ ရွေးချယ်ချမှတ်ထားသည့် ကိုယ်ပိုင်လမ်းကြောင်းမှန်အတိုင်း ခွဲ၊ လုံ့လ၊ ဝီရိယရှိရှိဖြင့် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ပေါင်းစည်းပြီး ကြိုးပမ်း ထူထောင်သွားကြရမှာဖြစ်ကြောင်း”** မှာကြားသွားသည်။

ယနေ့ကာလသည် နိုင်ငံတော်၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့က အေးချမ်း တည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးထမ်းပဲ့ထမ်းဆောင်ရွက်နေသော အချိန်အခါ ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်တစ်ဝန်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်မှုများကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ အောင်မြင်ဖြစ်ထွန်းနေသည်။ ဒေသအလိုက် တည်ငြိမ်အေးချမ်းသာယာမှု အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီ ဖြစ်သည်။

သို့သော်လည်း ပြည်ပသြဇာခံလက်ပါးစေအချို့နှင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအချို့က နိုင်ငံတော်နှင့်နိုင်ငံသား တို့၏ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးစေရန် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများ ပြုလုပ်လာကြသည်။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် အောင်မြင်မှုရလဒ်များ ပျက်စီးရာ ပျက်စီးကြောင်း သွေးခွဲစွပ်စွဲ ပြောဆိုမှုများ လုပ်ဆောင်နေကြကြောင်း တွေ့မြင်ကြားသိနေရသည်။

နိုင်ငံရေးသမားအမည်ခံ မြေပေါ်မြေအောက် ပြည်ပရောက် အဖျက်သမားအင်အားစုအချို့ကလည်း နိုင်ငံရေးနည်းအရရော၊ အကြမ်းဖက်နည်းလမ်းများအရပါ ပူးပေါင်းကြံစည်လုပ်ကိုင်လာလျက်ရှိသည်။ အဆိုပါ အဖျက်သမားများ၏ အကြံအစည်နှင့် အဖျက်အမှောင့်လုပ်ရပ်မှန်သမျှကို ပြည်သူတိုင်းက အစဉ်သတိပြု တားဆီးကာကွယ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပေါင်းစည်းယှက်နွယ်နေထိုင်လာခဲ့ကြသည့် ပင်ကိုအမျိုးသားရေး စရိုက်လက္ခဏာနှင့်အညီ ဒီမိုကရေစီလူနေမှုဘဝကို ထူထောင်နိုင်ရေး အတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းမှု စွမ်းပကားဖြင့် ခိုင်ခိုင်မာမာ ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်

ရန်ကုန် ဇွန် ၁၁

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၈ရက် နံနက် ၇နာရီခွဲက မန္တလေးမြို့ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက မန္တလေးတိုင်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၃၁) သင်းသို့ ငွေကျပ်တစ်သိန်းစီကိုပေးအပ်လှူဒါန်းရာ အသင်းများကိုယ်စား ကျောက်ဆည် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းမေက လက်ခံရယူပြီး အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်

ရန်ကုန် ဇွန် ၁၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် လုံးတော–သမန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပြီး မင်္ဂလာအချိန်တွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ပန္နက်တင်ပေးသည်။

မှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဆေးတိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ဆေးတိုးနှင့် ထန်းတောမကျေးရွာတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီးတို့သည် ဆေးတိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ကျောင်းအပ်နှံရေးနှင့် ကျောင်းပြုပြင်ရေးအတွက် အလှူငွေကျပ်သုံးသိန်းနှင့် ဘိလပ်မြေအိတ် ၁၀၀ ကိုလည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန်အတွက် အလှူငွေ ကျပ် ၁၇၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာစည်းရုံးရေးမှူးတို့က အသီးသီးလက်ခံယူကြသည်။ထို့နောက် ကျောင်းအကျိုးဆောင် အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ် (၃၇)ဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၁၀ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟို အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက် ၍ New Fashion Designer Group မှ ဦးတင်တိုး မိသားစုက စက်ချုပ်သင်တန်း အထောက်အကူပြု VCD အခွေ ၄၀ ကို ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၇)သို့ သင်တန်းသူ ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂–၆–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော် –အစွန်း(၂)ဖက်သို့မကပ်ပါမှ**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်**
  (က) စတုတ္ထနှစ်ဥပဒေ
  -Asmiralty Twisdietion.
  (ခ)ပထမနှစ်–အရှေ့တိုင်းကြိယာ
- **၄:၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “လောကခံအတွက် လက်သီးတစ်ချက်” (အပိုင်း–၂)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  ၁၅။ ပဟေဠိနန်းတော်
  ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မြိုင်ဟောဝန်က သိုင်းလုလင်” (အပိုင်း–၂၈)**
  ၁၈။ သင့်အတွက်မနက်ဖြန်
  ၁၉။ အပိတ်နှုတ်ဆက်စကား
  ၂၀။ ပြီးပါပြီ။

အမှတ်(၃) လမ်းမကြီးနှင့် ဝေဘာဂီလမ်းထောင့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၁၁၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃) လမ်းမကြီးနှင့် ဝေဘာဂီလမ်းထောင့်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃) လမ်းမကြီးနှင့် ဝေဘာဂီလမ်းထောင့်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၁၁၁)အတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။

(စွမ်းအင်)

ဝန်ကြီး ဦးဉာဏ်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၅ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအယ်ရီဂေး၊ ဗွီ၊ လာရော့ဗ် ထံသို့ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ဖိလစ်ပိုင်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၅ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၇)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အယ်လ်ဘာတို ဂျီ ရိုမူလို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တနင်္သာရီတိုင်း ၂၀၀၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၁

တနင်္သာရီတိုင်း ၂၀၀၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၇ ရက် နံနက်ပိုင်းက မြိတ်မြို့၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများတက်ရောက်ကြပြီး ရှေးဦးစွာ မြိတ်မြို့လေယာဉ်ကွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပြည်ပန်းညို၊ ငုချယ်ရီ၊ စွယ်တော်နှင့် စိန်ပန်း ပျိုးပင်ပေါင်း ၂၀၀၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြကာ တိုင်းမှူးနှင့် ဇနီးတို့က ကံ့ကော်ပင်များကို စိုက်ပျိုးပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ မြိတ်မြို့ ဂေါက်ကွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အတွက် ပျဉ်းမ၊ မဟော်ဂနီ၊ ကျွန်းနှင့် ပျဉ်းကတိုးပင် စုစုပေါင်း ပျိုးပင် ၃၀၀၀၀ ကိုလည်းကောင်း၊ စန္ဒဝတီကုန်းမြေ မဟာသိဒ္ဓိဇယစေတီတော် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်းအပါအဝင် အောင်သပြေ၊ တရုတ်စံကား၊ စက္ကူပန်း၊ စိန်ပန်း ပျိုးပင် စုစုပေါင်းပျိုးပင် ၃၀၀၀၀ ကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အတွက် ကျွန်း၊ ပျဉ်းကတိုး၊ ဆီအုန်း၊ စွယ်တော်၊ တရုတ်စံကား၊ စက္ကူပန်းပင် စုစုပေါင်းပျိုးပင် ၂၀၀၀၀ ကိုလည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်နယ်အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဒေသခံပြည်သူများက တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြရာ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဟောပြော ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် ဇွန် ၁၁

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်နှင့် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လှိုင်က အမှာစကား ပြောကြားပြီး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးလှိုင်က အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်သန်းလှက ဆေးလိပ်နှင့်ဆေးရွက်ကြီး၏ ဆိုးကျိုးများအကြောင်း ပညာပေးဟောပြောသည်။ ၎င်းနောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်မြသို့ ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ် ၂၁၀၀၀၀ ကို ပေးအပ်သည်။

(က-ပ)

အဆင့်မြင့်တန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၁

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲအဖြစ် ဆောက်လုပ်ရေးအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှဦးဆောင်၍ ကြီးပွားရေး ရပ်ကွက်နေ ပြည်သူများ ငမိုးရိပ်ဂျိုးဖြူ သောက်သုံးရေရရှိရေး ရပ်ကွက် ရေသွယ်ယူရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအေးကို၊ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့်အဖွဲ့တို့က ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ရက်က မြို့နယ်ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် မြို့နယ်အသင်း အလုပ်အမှုဆောင် ဦးကိုကိုနိုင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားစဉ်။ (၅၀၆)

မိုးယံသိမ့်သိမ့်

* စာပေရေအလျဉ်၊ခရီးစဉ်သည်
ကြည်လင်သန့်စင်၊စွန်းမထင်ခဲ့
အစဉ်အလာ၊ကြီးမားစွာတည့်
ကမ္ဘာအသိ၊မြန်မာသိမို့
အရှိတရား၊သည်စကားကို
မှတ်သားဥဒါန်းတွင်ခဲ့သည်။

* စာပေမျက်စိ၊ မြင်မရှိ၍
အသိတရား၊ အယူမှားလျက်
စကားဆိုရိုး၊ သည်တန်ဖိုးကို
မြတ်နိုးတွယ်တာ၊ ရှိသင့်ပါ၏။

* မြန်မာစာပေ၊ ဇာတိဖွေက
သွေးဖည်နယ်ချဲ့၊ တိုက်ထုတ်ခဲ့သည့်
တကယ့်ရင်းစစ်၊ စာမျိုးချစ်တို့
အနှစ်သာရ၊ သာဓကေကို
စာကသက်သေပြနေသည်။

* အမျိုးသားရေး၊ ကြိုးစားပေးလျက်
သွေးသစ္စာမှန်၊ သက်သေခံခဲ့
တစ်ရံတစ်ဆစ်၊ လက်သစ်ကိုလိုနီ
ကြံစည်စိတ်ကူး၊ သွေးလူးခဲ့ရ
သည်ကာလကို၊ မြန်မာ့ပြက္ခဒိန်
ရက်မှိန်မှိန်ဝယ်၊ တွက်ချိန်ရေးမှတ်ခဲ့ပါသည်။

* မျိုးကိုမချစ်၊ ဆိုးညစ်အကြံ
ဖောက်ခွဲရန်သူ၊ လူမဆန်ပေ
အသိဖွေလော့၊ စာပေတာဝန်
ကျေပွန်ကြမည်၊ ပြည်သူနှင့်အတူ
သတိမူ၍၊ ရန်ဟူသမျှ
တွန်းလှန်ကြရန်၊ အဓိဋ္ဌာန်သည်
မိုးယံသိမ့်သိမ့်တုန်စေသတည်း။ ။

တက္ကသိုလ်တင်ခ

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လုံခြုံရေးကင်းလှည့်နေသော ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျီအမ်ကားကုမ္ပဏီ လုပ်သားလျှော့ချရန်စီစဉ် ကနေဒါလုပ်သားများနစ်နာနိုင်

အော့တဝါ ဇွန် ၁၀

လာမည့်နှစ် အနည်းငယ်အတွင်း ဂျင်နရယ်မော်တော်(ဂျီအမ်)ကုမ္ပဏီက အလုပ်အကိုင်နေရာများလျှော့ချမည်ဆိုပါက ကနေဒါနိုင်ငံတွင်အလုပ်သမားပေါင်း ၂၅၀၀၀ ကျော် ထိခိုက်နစ်နာဖွယ်ရာရှိကြောင်း ကနေဒါနိုင်ငံ မော်တော်ယာဉ်စက်ရုံလုပ်ငန်းများဥက္ကဋ္ဌ ဘဇ်ဟားဂရိဗ်က ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော ဂျီအမ်ကုမ္ပဏီသည်အလုပ်အကိုင်နေရာပေါင်း ၂၅၀၀၀ ကို လျှော့ချသွားမည်ဆိုသော ကြေညာချက်ထွက်ပေါ်လာသည်။ ထိုကြေညာချက်ကြောင့် မိမိ တုန်လှုပ်သွားခဲ့ရပြီး တစ်ချိန်တည်းမှာပင် ဂျီအမ်အနေဖြင့် ထိုမျှများပြားသော အလုပ်သမားများကို အမေရိကန်၌ အလုပ်အကိုင်လျှော့ချရန်ကိစ္စမှာ ဖြစ်နိုင်သောအခြေအနေ မရှိသည်ကိုလည်း မိမိသဘောပေါက်သည်ဟုဟားဂရိဗ်ကဒေသဆိုင်ရာသတင်းသမားများကိုပြောကြားခဲ့သည်။

ကနေဒါနိုင်ငံ အော့တဝါပြည်နယ်ရှိ စိန့်ကက်သရင်းနှင့် ဝင်ဆာမြို့တို့တွင် ဂျီအမ်ကားပစ္စည်း ထုတ်လုပ်သောစက်ရုံများရှိပြီး ကနေဒါအလုပ်သမားပေါင်း ၂၀၀၀၀ ကျော် ယင်းစက်ရုံများတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်စစ်ပွဲကြောင့် အမေရိကန်ပြည်ထောင်စု ပိုမိုလုံခြုံမှုမရှိ ပြည်သူအများစုက ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြား

ဝါရှင်တန် ဇွန် ၁၀

အီရတ်စစ်ပွဲကြောင့် အမေရိကန်ပြည်ထောင်စုသည် ပိုမိုလုံခြုံလာခြင်းမရှိဟု အီရတ်စစ်ပွဲ ဖြစ်ပွားပြီးသည့်နောက် ပထမဆုံး အကြိမ်အဖြစ် အမေရိကန်ပြည်သူလူထု ထက်ဝက်ကျော်ခန့်က ယုံကြည်လျက် ရှိကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် ဝါရှင်တန်ပို့စ်သတင်းစာနှင့် အေဘီစီက ကောက်ယူသည့် လူထုစစ်တမ်းအရ သိရှိရသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် စစ်ပွဲက အမေရိကန်ပြည်ထောင်စု၏ ရေရှည်လုံခြုံရေးအတွက် အထောက်အကူမပြုကြောင်း ပြောဆိုကြပြီး ၄၇ ရာခိုင်နှုန်းသာ ပြည်သူလူထုက အထောက်အကူပြုကြောင်း ပြောကြားကြသည်ဟု အဆိုပါ စစ်တမ်းတွင် ဖော်ပြထားသည်။

ထောက်ခံမှုပေး

အီရတ်စစ်ပွဲကြောင့် အမေရိကန်ပြည်သူလူထုအနေဖြင့် အကြမ်းဖက်သမားများ၏ အန္တရာယ်မှ လွတ်ကင်းကာ လုံခြုံမှုရှိစေနိုင်ကြောင်း၊ ယင်းကြောင့် အီရတ်စစ်ပွဲအား ထောက်ခံမှုပေးရမည်ဖြစ်ကြောင်း သမ္မတ ဂျော့ဂျ်ဘုရှ်၏ အယူအဆအား အမေရိကန်ပြည်သူပြည်သား အများစုက ပထမဆုံးအကြိမ်အဖြစ် သဘောထားချင်း မတိုက်ဆိုင်ခဲ့ကြခြင်းဖြစ်သည်။

ဆက်လက်ရှိ

၆၂ ရာခိုင်နှုန်းသော အမေရိကန်ပြည်သူလူထုက အီရတ်စစ်ပွဲကြောင့် အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးအထောက်အကူပြုကြောင်း ၂၀၀၃ ခုနှစ်ကုန်ပိုင်းက ထင်မြင်ယူဆခဲ့ကြပြီး၊ ၅၂ ရာခိုင်နှုန်းသော အမေရိကန်ပြည်သူပြည်သားတို့က လွန်ခဲ့သည့် သုံးလအတွင်း ယင်းကဲ့သို့ သဘောထားမျိုး ဆက်လက်ရှိခဲ့ကြသည်။

အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် ဦးရေသည် လက်ခံနိုင်စရာ မရှိဟု လေးပုံသုံးပုံနီးပါးသော ပြည်သူလူထုက ပြောကြားခဲ့ကြပြီး သုံးပုံနှစ်ပုံသောပြည်သူများက အမေရိကန် စစ်ဘက်သည် အီရတ်စစ်ပွဲတွင် နစ်မြုပ်လျက်ရှိသည်ဟု ပြောကြားကြသည်။ လူ ၁၀ ဦးလျှင် ခြောက်ဦးက အီရတ်စစ်ပွဲ မတိုက်သင့်ကြောင်း ပြောကြားကြသည်။

အမေရိကန်ပြည်သူလူထုထက်ဝက်ကျော် ၅၂ ရာခိုင်နှုန်းခန့်က သမ္မတဘုရှ် စီမံခန့်ခွဲ လုပ်ကိုင်နေပုံကို နှစ်မြို့က်ကြခြင်းမရှိပေ။ ၅၅ ရာခိုင်နှုန်းသော ပြည်သူလူထုက သမ္မတဘုရှ်သည် အမေရိကန်ပြည်ထောင်စုစည်းလုံးညီညွတ်ရန်ထက် ကွဲပြားမှုဖြစ်ပေါ်စေရန် ဆောင်ရွက်နေသည်ဟု ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်တင်အမေရိကဒေသတွင် ဒီမိုကရေစီမြှင့်တင်ရေး အမေရိကန်အဆိုပြုချက် မက္ကဆီကိုအစိုးရ ပယ်ချ

မက္ကဆီကိုစီးတီး ဇွန် ၈

လက်တင်အမေရိကဒေသတွင် ဒီမိုကရေစီ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ထူထောင်ရန် တိုက်တွန်းထားသည့် အမေရိကန်အစိုးရ၏ အဆိုပြုချက်ကို မက္ကဆီကိုအစိုးရက တနင်္လာနေ့တွင် ပယ်ချလိုက်သည်။

မူဝါဒအားဖြင့်ဆိုပါက မိမိတို့အနေဖြင့် မည်သည့်ကွပ်ကဲမှုအဖွဲ့မှ ထူထောင်ရန် သဘောမတူညီကြောင်း မက္ကဆီကို သမ္မတ၏ပြောရေးဆိုခွင့်ရှိသူရူဘင်အကီလာက သတင်းဌာနသို့ပြောကြားသည်။

လက်တင်အမေရိကဒေသမှ နိုင်ငံများ၏ အခွင့်အရေးများနှင့် အာမခံမှုများတိုးချဲ့ရေးအတွက် ဆောင်ရွက်ရန် မိမိတို့ သဘောတူညီကြောင်း၊ မိမိတို့အနေဖြင့်လူ့အခွင့်အရေးဆိုင်ရာလေးစားလိုက်နာမှု တိုးချဲ့ရေးကိစ္စအား သဘောတူညီလင့်ကစား မည်သည့်ကွပ်ကဲရေးအဖွဲ့မျိုး၏အောက်မှမိမိတို့မလုပ်ဆောင်နိုင်ကြောင်းအကီလာကပြောကြားသည်။

ဝေဖန်

အမေရိကန်ပြည်ထောင်စု ဖို့တ်လင်ဒါဒေးဒေသတွင် ဇွန် ၅ရက်မှ ၇ရက်အထိ ကျင်းပခဲ့သည့် အမေရိကနိုင်ငံများအဖွဲ့ (အိုအေအက်စ်) နှစ်ပတ်လည်အထွေထွေညီလာခံတွင် ပဋိပက္ခများစီမံခန့်ခွဲရန်နှင့် ကာကွယ်ရန်လေ့လာရေးအဖွဲ့ထူထောင်ရန် အဆင့်သင့် ဖြစ်၊ မဖြစ် အကြိတ်အနယ် ဆွေးနွေးနေစဉ် ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားမှုများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီကဏ္ဍတွင်ဘေးအန္တရာယ်များဖြင့် ကြုံတွေ့နေသည့် လက်တင်အမေရိကဒေသမှ နိုင်ငံများအား ကူညီပံ့ပိုးရန်အတွက်အိုအေအက်စ်တွင် ခိုင်မာတောင့်တင်းသည့်အဖွဲ့ရှိရမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်ကတနင်္ဂနွေနေ့ကပြောကြားသည်။

ဒီမိုကရေစီမူဝါဒကို အားဖြည့်ရန် ပျက်ကွက်သည့် အမေရိကန်နိုင်ငံများကိုအိုအေအက်စ်ကအရေးယူတုံ့ပြန့်ဆောင်ရွက်သင့်ကြောင်း ရိုက်စ်က တိုက်တွန်းပြောကြားခဲ့သည်။ ***အင်တာနက်။***

ငှက်ဖျားကုသရေး ဆေးဝါးသစ် ကမ္ဘာတစ်ဝန်းတွင် ဝယ်လိုအားမြင့်မားလျက်ရှိ

ဒါရက်စ်ဆလမ် ဇွန် ၁၀

အာတီမီဆင်နင်း ငှက်ဖျားရောဂါကုသသည့်ဆေးသည် ကမ္ဘာတစ်ဝန်းတွင် ဝယ်ယူအား များပြားလျက်ရှိရာ ၂၀၀၅ ခုနှစ်အတွင်းအမေရိကန်ဒေါ်လာသန်း ၃၀၀ ထက်မနည်း ဝယ်ယူနိုင်ဖွယ်ရှိကြောင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ ခန့်မှန်းပြောကြားချက်အရသိရှိရသည်။

သတ်မှတ်

ကမ္ဘာတစ်ဝန်းတွင် ငှက်ဖျားရောဂါကုသရန်အတွက် အာတီမီဆင်နင်းဆေးပေါင်းဆေးဝါးကို ၂၀၀၄ ခုနှစ်အတွက် ဆေးဝါးသန်း ၃၀၊ ၂၀၀၃ ခုနှစ်အတွက် ဆေးဝါးနှစ်သန်းအထိ ဝယ်ယူခဲ့ကြပြီး ၂၀၀၅ ခုနှစ်အတွင်းတွင်ထိုဆေးဝါးသန်း ၇၀ အထိအသုံးပြုရန် ဝယ်လိုအားကောင်းလျက်ရှိကြောင်း၊ နိုင်ငံပေါင်း ၅၁ နိုင်ငံက ယင်းဆေးဝါးအား ငှက်ဖျားရောဂါကုသရာတွင် ပထမတန်းစားဆေးဝါးအဖြစ် သတ်မှတ်ခဲ့ကြကြောင်း တန်ဇန်းနီးယားမီဒီယာသတင်းဌာနက ဒဗလျူအိပ်ချ်အိုအား ကိုးကား၍ ဖော်ပြသည်။ ဒဗလျူအိပ်ချ်အို နိုင်ငံတကာ အစည်းအဝေးကို တန်ဇန်းနီးယားနိုင်ငံတွင် ပြုလုပ်ခဲ့သည်။

ထုတ်လုပ်

ကမ္ဘာတစ်ဝန်းမှ နိုင်ငံ ၂၀ အတွင်း အာဖရိကနိုင်ငံ ၁၂ နိုင်ငံက ယင်းဆေးဝါး ထုတ်လုပ်နေပြီဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို အစည်းအဝေးကျင်းပစဉ်ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ သိရှိရသည်။

အာဖရိကဒေသတွင် လူသန်း ၃၀၀ ကျော် ငှက်ဖျားရောဂါခံစားရလျက်ရှိရာ ယင်းငှက်ဖျားဆေးပေါင်းကိုအထူးသဖြင့် အာဖရိကဒေသတွင် တိုးချဲ့ထုတ်လုပ်နိုင်ရန် အဆိုပါ အစည်းအဝေးကျင်းပစဉ်က တိုက်တွန်းခဲ့ကြသည်။

ယင်းဆေးဝါးသည် သစ်ပင်တစ်မျိုးမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ယင်းသစ်ပင်တိုးချဲ့စိုက်ပျိုးရန် ဒဗလျူအိပ်ချ်အိုက ဆောင်ရွက်နေသည်။ ယခုအခါ ယင်းသစ်ပင်ကို တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စိုက်ပျိုးလျက်ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုကင်း ၁ ဒသမ ၅ တန် ဂွာတီမာလာတွင် သိမ်းဆည်း

မက္ကဆီကိုစီးတီး ဇွန် ၁၀

ဂွာတီမာလာနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံအရှေ့မြောက်ပိုင်း ဒေသတွင် လေယာဉ်တစ်စင်းပေါ်မှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ သန်းနီးပါးတန်ဖိုးရှိ ကိုကင်း ၁ ဒသမ ၅ တန် ကို သိမ်းဆည်းလိုက်ကြောင်း ဂွာတီမာလာစီးတီးမှ သတင်းများက စနေနေ့တွင်ဖော်ပြသည်။ အတ္တလန္တိတ်သမုဒ္ဒရာအနောက်ပိုင်းရှိ အမ်မာတစ်ပင်လယ်အော်တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့နှင့် ရေတပ်တို့က ကိုကင်းတင်ဆောင်လာ သည့်လေ့ကို ကြားဖြတ်ဝင်ရောက် တိုက်ခိုက်သိမ်းဆည်းခဲ့ကြောင်း၊ ယခုသိမ်းဆည်း ရမိလိုက်ခြင်းသည် ၂၀၀၅ခုနှစ်အတွင်း ဂွာတီမာလာ၌ အများဆုံးသိမ်းဆည်းရမိခြင်းများအနက်တစ်ခုဖြစ်ကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။

ကိုလံဘီယာမှ အမေရိကန်သို့ မူးယစ်ဆေးဝါးများ ပို့ဆောင်မှုအတွက် ဂွာတီမာလာကို ကုန်အတင်အချ ကြားစခန်းအဖြစ် ကုန်ကူးသူများက အသုံးပြုကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ကဘူး ဇွန် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ပက်တီကာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဗုဒ္ဓဟူးနေ့က စိန်ပြောင်းဖြင့် ပစ်ခတ်ခံခဲ့ရရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားရှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန်ကြည်းတပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင်များသည် ချင်းနွတ်ရဟတ်ယာဉ်ပေါ်မှ ကုန်ပစ္စည်းများ သယ်ယူရန် ပြင်ဆင်နေစဉ် ရှာကင်ခရိုင်အနီး စစ်အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ်ရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခြင်း ဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

သယ်ဆောင်

ဒဏ်ရာရရှိသွားသည့် အမေရိကန် တပ်ဖွဲ့ဝင်များအား ဘက်ဂရမ်ဆာလာနီနှင့် အော်ဂန်ရှိ အမေရိကန် ကြည်းတပ်စစ်ဆေးရုံများဆီသို့ ဆေးကုသနိုင်ရန် သယ်ဆောင်သွားသည်ဟုဆိုသည်။

ဖော်ပြထား

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များမှ လေယာဉ်များက အမေရိကန် ကြည်းတပ်ဘက်မှ ပစ်ကူပေးကာ တိုက်ခိုက်ခဲ့သော်လည်း ပြောက်ကျားများ၏ နေရာကို သိနိုင်စွမ်းမရှိဖြစ်နေသည်ဟု ကြေညာချက်တွင် ထပ်လောင်း ဖော်ပြထားသည်။

သေဆုံးသွားသူ၏ အမည်နာမကို ၎င်းတို့၏ ဆွေမျိုးသားချင်းများထံသို့ အကြောင်းမကြားရသေး၍ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သူ၏ လက်ချက်မှန်း ထုတ်ဖော်ပြောကြားမှုမရှိသေးဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ အဘူဂါရိပ် အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရရာမှ ပြန်လည် လွတ်မြောက်လာသော အီရတ်အကျဉ်းသားအချို့ကို ဇွန် ၉ ရက်က တွေ့ရစဉ်

(ဓာတ်ပုံ-အင်တာနက်)

လူကုန်ကူးမှုဆိုင်ရာ အမေရိကန်၏ဝေဖန်ချက် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် ပယ်ချ

ဖနောင်ပင် ဇွန် ၁၀

လူမှောင်ခိုကုန်ကူးသည့်လုပ်ငန်းတွင် ကမ္ဘောဒီးယားနိုင်ငံ ပါဝင်ပတ်သက်သည်ဟု အဆင့်နှိမ့်ချ ဖော်ပြထားသော အမေရိကန်အစိုးရ၏ ကမ္ဘာလုံးဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်က ဇွန် ၈ ရက်တွင် ပယ်ချလိုက်သည်။

အမေရိကန် နိုင်ငံခြားရေးဌာနက ပြုစုသော အဆိုပါအစီရင်ခံစာ၌ လူမှောင်ခိုကုန်ကူးမှုကိစ္စတွင် ကမ္ဘောဒီးယားနိုင်ငံသည် အဆင့်နှစ်နေရာတွင် သတ်မှတ်ခံထားရာမှ အခြေအနေပိုမို ဆိုးရွားသော အဆင့်သုံးနေရာသို့ လျှော့ချ သတ်မှတ်ခြင်းခံခဲ့ရသည်။

ယခုကိစ္စနှင့်ပတ်သက်၍ အမေရိကန်၏ ထုတ်ပြန်ချက်ကို မိမိ တစ်စုံတစ်ရာ မှတ်ချက်မပေးလိုကြောင်း၊ အံ့သြမှုလည်းမဖြစ်သည့်အပြင် ပူပင်မှုလည်းမဖြစ်မိကြောင်း ဟွန်ဆန်က ဆိုသည်။

အမေရိကန်က ကမ္ဘောဒီးယားတွင် အခြေအနေကောင်းသည်ဟု ဆိုသော အချိန်တွင်ဖြစ်စေ၊ အခြေအနေ ဆိုးရွားသည်ဟုဆိုသောအခါတွင်ဖြစ်စေ မိမိနိုင်ငံ၏အခြေအနေမှာ နဂိုအနေအထားအတိုင်းပင် မပြောင်းမလဲရှိနေခဲ့သည်။ သို့ဖြစ်၍ အမေရိကန် အကောင်းပြောလျှင် ဝမ်းသာစရာ မလိုသကဲ့သို့ ဆိုးသည်ဟု ဝေဖန်လာလျှင်လည်း ဒေါသထွက်စရာမလိုကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောကြားသည်။

ကြိုးပမ်း

မိမိတို့အစိုးရသည် လူကုန်ကူးမှုကိစ္စများကို အစီအစဉ်ရှိရှိ တိုက်ဖျက်နေကြောင်း၊ ထိုလုပ်ဆောင်မှုများသည် မည်သူ့ကိုမျှ ကျေနပ်မှုပေးရန် လုပ်ဆောင်နေခြင်း မဟုတ်ကြောင်း၊ သန့်ရှင်းအေးချမ်းသော လူ့အဖွဲ့အစည်းကို တည်ထောင်ရန်သာ ရည်ရွယ်၍ ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်၏အကြံပေး အုမ်ယန်တီယန်က ပြောကြားသည်ကို ကိုးကား၍ ဒေသခံမီဒီယာများက သတင်းဖော်ပြခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံကို မင်းသားကြီး နိုရိုဒွန် သီဟာနုအစိုးရ အုပ်ချုပ်စဉ်အခါ ၁၉၇၀ ပြည့်နှစ်များ အစောပိုင်းကာလက အမေရိကန်အစိုးရသည် သီဟာနုအစိုးရကို ဖြုတ်ချရန် ရည်ရွယ်၍ လုန်နော်အုပ်စုကို ထောက်ခံအားပေးခဲ့သည်။ ထိုအချိန်က အမေရိကန် စစ်လေယာဉ်များသည် ကမ္ဘောဒီးယားနိုင်ငံပေါ်သို့ ဗုံးမိုးရွာချခဲ့သည်။

ထိုစဉ်က အမေရိကန်တို့ လက်ချက်ကြောင့် ကျန်နေသော ဗုံးများ၊ မိုင်းများမှာ ယခုတိုင်အောင် မပေါက်ကွဲသေးဘဲ ကမ္ဘောဒီးယားနိုင်ငံတစ်ခွင်တွင် ကျန်ရှိနေဆဲဖြစ်ပြီး ကျေးလက်နေပြည်သူများကို ဒုက္ခပေးနေဆဲ၊ လူအမြောက်အမြားကို နှိပ်စက်နေဆဲဖြစ်သည်။ ထိုဗုံးများ မိုင်းများကြောင့် လူလေးသန်းမှ ခြောက်သန်းအထိ သေကျေအတိ ဒုက္ခရောက်ခဲ့ကြရပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ လူစည်ကားရာရပ်ကွက် တစ်နေရာကို ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး တက်ကြွစွာပါဝင်ရန် ကိုဖီအာနန် တိုက်တွန်း

ကုလသမဂ္ဂ ဇွန် ၁၀

အမေရိကန်အစိုးရအနေဖြင့် ကုလသမဂ္ဂ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့ကြီး ခိုင်မာစေရေးနှင့် ပြုပြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က နှိုးဆော်လိုက်သည်။

ကုလသမဂ္ဂက အောက်ခြေသိမ်း ပြုပြင်မှုများပြုလုပ်ရန် ပျက်ကွက်မည်ဆိုပါက အမေရိကန်က ကုလသမဂ္ဂသို့ ပေးရန်ရှိသည့်ငွေများ ဖြတ်တောက်ရန် သဘောထားနှင့်ပတ်သက်၍ အမေရိကန် အောက်လွှတ်တော်ကော်မတီက ဝါရှင်တန်တွင် ဗုဒ္ဓဟူးနေ့က မဲပေးဆုံးဖြတ်ကြသည်။

မိမိတို့အနေဖြင့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကိစ္စကို စနစ်တကျဆောင်ရွက်နေကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် အစဉ်အလာအရ ဦးဆောင်မှုကဏ္ဍမှရှိနေပြီး ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနှင့် ခိုင်မာစေရေးအတွက် ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မည်ဟုမျှော်လင့်ထားကြောင်း ကိုဖီအာနန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပုစွန်အဓိကဝယ်ယူတင်သွင်းသော ကမ္ဘာ့နိုင်ငံများ ဗီယက်နမ်တွင် တွေ့ဆုံစည်းဝေးကြမည်

ဟနွိုင်း ဇွန် ၁၀

ဗီယက်နမ်နိုင်ငံတွင် လာမည့်အောက်တိုဘာလနှောင်းပိုင်း၌ ကျင်းပရန်ရှိသည့် ၂၀၀၅ ခုနှစ် ကမ္ဘာ့ပုစွန်လုပ်ငန်း အစည်းအဝေး (ဂျီအက်စ်အိုအယ်လ်) သို့ ပုစွန်ဝယ်ယူတင်သွင်းနေကြသော ထိပ်တန်းကုမ္ပဏီပေါင်း ၃၀၀ ခန့်တို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း ဗီယက်နမ်ရေလုပ်ငန်းဝန်ကြီးဌာနမှ ထွက်ပေါ်လာသော သတင်းများအရသိရသည်။

ကမ္ဘာ့မွေးမြူရေးလုပ်ငန်း အဖွဲ့ဝင်နိုင်ငံများ၏ ပုစွန်ထုတ်လုပ်မှု အလားအလာ၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်း၏ ပတ်ဝန်းကျင်နှင့်လူမှုအဖွဲ့အပေါ် တာဝန်ရှိမှု၊ ပုစွန်အမြောက်အမြား တင်ပို့ရောင်းချသောနိုင်ငံများ၏ အခြေအနေနှင့် အဓိက တင်ပို့ရောင်းချသော နိုင်ငံများ၊ တင်သွင်းသောနိုင်ငံများနှင့် ကမ္ဘာ့ပုစွန် ဈေးနှုန်းခန့်မှန်းချက် စသည့်အကြောင်းအရာများကို အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ပုစွန် အဓိကဝယ်ယူတင်သွင်းသော နိုင်ငံများတွင် အမေရိကန်၊ ဥရောပ၊ ဂျပန်စသည့်နိုင်ငံများ ပါဝင်သည်။

ယခင်က ဂျီအက်စ်အိုအယ်လ် အစည်းအဝေး လေးကြိမ်ကို စင်ကာပူ၊ အင်ဒိုနီးရှား၊ မက္ကဆီကိုနှင့် ထိုင်းနိုင်ငံများတွင် ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုနှစ် ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံသည် ပင်လယ်ထွက်အစားအစာတင်ပို့မှုမှ အမေရိကန် ဒေါ်လာသန်း ၈၂၀ ရရှိခဲ့ပြီးဖြစ်သည်။ ထိုပမာဏသည် ယခင်နှစ် အလားတူကာလကထက် ၅ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင်ဗီယက်နမ်နိုင်ငံသည် ပင်လယ်ထွက်အစားအစာတင်ပို့မှုမှ အမေရိကန် ဒေါ်လာသန်း ၂၆၀၀ ဝင်ငွေရရှိရန် ရည်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနှင့် ဩစတြေးလျ နယ်စပ်ဖြတ်ကျော်မှုခင်း ပူးပေါင်းနှိမ်နင်းမည်

စင်ကာပူ ဇွန် ၁၀

စင်ကာပူနှင့် ဩစတြေးလျနိုင်ငံတို့၏ ရဲတပ်ဖွဲ့များသည် နိုင်ငံဖြတ်ကျော်မှုခင်းများ နှိမ်နင်းရာတွင် ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် နားလည်မှုစာချွန်လွှာတစ်ရပ်က ဖော်ပြသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် သတင်းအချက်အလက်ဖလှယ်ခြင်း၊ ညှိနှိုင်းစစ်ဆင်ရေးများ ဆင်နွှဲခြင်းမှသည် ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးမှုဆိုင်ရာ တည်ဆဲကွန်ရက်များကို မြှင့်တင်ပေးခြင်းတို့အထိပါ ပါဝင်ကြောင်း ချယ်နယ်နယူးစ်အေရှက ဖော်ပြသည်။

သဘာဝဘေးအန္တရာယ်ကျရောက်သူများအား မည်သူမည်ဝါဖြစ်ကြောင်း ရွေးချယ်ဖော်ထုတ်သည့် လုပ်ငန်းအတွေ့အကြုံကို စင်ကာပူက ဩစတြေးလျထံမှ လေ့လာသင်ယူရန် မျှော်မှန်းထားသည်။

နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံမှ ရဲမှူးကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုအမျိုးအစား စာချွန်လွှာသည် စင်ကာပူ ရဲတပ်ဖွဲ့အတွက် ပြည်ပနိုင်ငံတစ်နိုင်ငံနှင့် ပထမဦးဆုံးအကြိမ် ချုပ်ဆိုသော နားလည်မှုစာချွန်လွှာပင်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနိုင်ငံရှိ ကုန်တိုက်ကြီးတစ်ခု အတွင်းမြင်ကွင်းကို ဇွန် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိမ်နီးချင်းကင်ညာသို့ တန်ဇန်းနီးယားက လျှပ်စစ်ဓာတ်အား ရောင်းချမည်

ဒါရက်ဆလမ် ဇွန် ၁၀

တန်ဇန်းနီးယားအစိုးရသည် အိမ်နီးချင်း ကင်ညာနိုင်ငံသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကင်ညာနိုင်ငံအစိုးရက တန်ဇန်းနီးယားအစိုးရထံသို့ လျှပ်စစ်ဓာတ်အားများ ရောင်းချပေးရန် မေတ္တာရပ်ခံခဲ့သည့်ကိစ္စကို တန်ဇန်းနီးယားအစိုးရက စဉ်းစားနေခြင်းဖြစ်သည်ဟု စွမ်းအင်နှင့်သယံဇာတရေးရာဝန်ကြီး ဒင်နီရာယ်၏ ပြောကြားချက်ကို ကိုးကား၍ ဂါဒီယန်သတင်းစာက ဖော်ပြခဲ့သည်။

ဆက်သွယ်

တောင်အာဖရိက နိုင်ငံများသည် စွမ်းအင်ဆိုင်ရာများတွင် ပူးပေါင်းလုပ်ဆောင်သွားကြရန် စီမံချက်များထားရှိဆောင်ရွက်ခဲ့ကြသည်။ ထိုအစီအစဉ်အရ တောင်အာဖရိကဒေသတွင် လျှပ်စစ်ဓာတ်အား စုစုပေါင်းထုတ်လုပ်မှုသည် ၂၀၁၀ ခုနှစ်အရောက်တွင် ၈၅၄၄ မဂ္ဂါဝပ်ထုတ်လုပ်ပေးရန် စီစဉ်လုပ်ဆောင်ထားခဲ့သည်။ ထိုအစီအစဉ်အရ ဓာတ်အား ပို့လွှတ်ရေးလုပ်ငန်းများနှင့် ကင်ညာနိုင်ငံနှင့် ဇမ်ဘီယာနိုင်ငံတို့၏ ဓာတ်အားလိုင်းများကို ဆက်သွယ်ပေးမည်ဖြစ်သည်။

တန်ဇန်းနီးယားသည် လျှပ်စစ်ဓာတ်အား အများအပြားထုတ်လုပ်ရန် စက်တပ်ဆင်မှုများ လုပ်ခဲ့သော်လည်း ကျေးလက်နေ နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းနှင့် မြို့ပြနေလူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှ ယနေ့တိုင်အောင် ဓာတ်အား မရရှိနိုင်ကြသေးဘဲရှိသည်။

လျော့နည်း

အိမ်နီးချင်းနိုင်ငံများနှင့် ဓာတ်အားကွန်ရက်များဆက်သွယ်ကာထုတ်လွှတ်ပေးသွားနိုင်မည်ဆိုပါက ဓာတ်အားထုတ်လုပ်စရိတ်၊ ဖြန့်ဖြူးရေးစရိတ်နှင့် ပို့လွှတ်ရေးစရိတ်များ လျော့နည်းသက်သာသွားနိုင်ကြောင်း တန်ဇန်းနီးယားဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းများတွင် ဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် ဘူတန်လေ့လာမည်

ခတ္တမန္ဒူ ဇွန် ၁၀

ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့်ဘူတန်နိုင်ငံတို့သည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရန် လေ့လာမှုတစ်ရပ်ဆောင်ရွက်မည်ဟု တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါလေ့လာမှုကို ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာနိုင်ငံများက သဘောတူညီခဲ့ကြသည်ဟု ယခင်အပတ် ကျင်းပသော ဒေသတွင်းဆွေးနွေးပွဲ၌ နီပေါနိုင်ငံခြားရေးဝန်ကြီး မဒ်ဟူရာမန်အာချာရာက ထုတ်ဖော်ပြောကြားသွားသည်။

ဒါကာတွင် ကျင်းပသော ဘင်းမ်စတက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအဆင့် တွေ့ဆုံဆွေးနွေးပွဲတွင် အဆိုပါ သဘောတူညီမှုကို ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် ရေနံထွက်ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာမှုကြောင့် သဘာဝဓာတ်ငွေ့ ပြောင်းလဲအသုံးပြုမှုသည် အရေးပါသောကဏ္ဍမှ ပါဝင်လာကြောင်း ဒေသတွင်းအုပ်စုမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

အဆိုပါအုပ်စုသည် နည်းပညာဆိုင်ရာ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် ရေလုပ်ငန်းတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ယင်းအုပ်စုတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့သည် သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝသော နိုင်ငံဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အလှမွေ့ရာ မြေရော

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)



ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းအောက်ရှိ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို တွေ့ရစဉ်။

"ချောင်းပြင်မှာ စီတန်းလို့
ဖေဒါပန်း ရေကြင်ဆွေ
မျောလို့သာနေ။
ကမ်းကွေ့မှာခွေ
ကမ်းပြေတော့စင်း။
သည်ချောင်းရေ လေမခတ်တယ်
စီးတတ်လေခြင်း။ ။"

ဆရာဇော်ဂျီ

ပန်းမဝတီမြစ်ရေပြင်သည် မှန်သားပကတိ ကြည်လင်တောက်ပနေပါသည်။ ဗေဒါပင်၊ ဒိုက်ပင်များသည် မြစ်ပြင်တစ်လျှောက် အုပ်စုလိုက်ရေစီးနှင့်အတူ မျောနေကြပြီး စစ္စလီ၊ မယ်ညို၊ ရေကြက်တို့သည် ဒိုက်ပုံများပေါ်တွင် သံသာကျူး၍ မြူးထူးပျော်ပါး ကျက်စားလျက်ရှိသည်။

ဆံတော်ရှင် မြတ်မော်တင် စေတီတော်ကြီးနှင့် ကြည်နူးဖွယ်ဖောင်တော်ဦးစေတီတော်၊ မြွေတောင်ဒီပါ ဘုရားတို့အား ဖူးမြော်ကြည်ညိုခဲ့ရသည်။ လူများကို အန္တရာယ်မပြုသည့် မြွေစိမ်းများနေတတ်ခြင်းကို အစွဲပြု၍ မြွေတောင်ဒီပါဘုရားဟု ခေါ်ကြသည်။ ပင်လယ်ရေပြင်အတွင်း၌ ငွေတောင်ကြီးပေါက်နေသည့်အလား စေတီတော်က သပ္ပာယ်လှသည်။

စာရေးသူတို့ စီးလာသောစက်လှေသည် တရွေ့ရွေ့ခုတ်မောင်းလာရာမှ ငပုတောမြို့နယ်ကို ဖြတ်ကျော်မိလျှင် ဝိုင်းပိုက်များဖြင့် ငါးဖမ်းနေကြသော ရေလုပ်သားကြီးများ၊ တေးတအေးအေးဖြင့် မျှောပိုက်ထောင်နေသူများကို တွေ့မြင်ခဲ့ရသည်။

ညို့မှိုင်းနေသည့် ရိုးမတောင်ကြီးပေါ်တွင် တလက်လက်အရောင်တောက်နေသည့် ဒီပါရုံစေတီတော်ကို အဝေးမှ ဖူးမြော်လိုက်ရသည်။ ဒီပါလေးဆူဟု အဆိုရှိပါသည်။ **"လေးဆူဒီပါ၊ သီတာရေမြေ ဆုံးစေတော့"** ဟု စာချိုးရသည့် ဒီပါရုံစေတီလေးဆူ အပါအဝင်ဖြစ်သော စေတီတော်တစ်ဆူဖြစ်ပါသည်။ ငပုတောမြို့နယ်၏ ပင်လယ်တောတောင် သမုဒ္ဒရာတို့တွင် ဒီပါလေးဆူ ဖြန့်ကြက်စံတော်မူပေသည်။

ငပုတောမြို့သည် ပုသိမ်မြို့၏ တောင်ဘက် ၁၆ မိုင်အကွာ ငဝန်မြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသောမြို့ဖြစ်သည်။ မြို့မဖြစ်မီက ငပုဆိုသူ မုဆိုးတစ်ဦး နေထိုင်ခဲ့ရာတောဖြစ်၍ ငပုတောဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ငပုတောမြို့နယ်သည် ဧရာဝတီတိုင်းအတွင်း အနောက် တောင်အစွန်းတွင် တည်ရှိပြီး ပင်လယ်ပိုင်းရှိ ကျွန်းများလည်းပါဝင်သည်။ အနောက်ဘက်နှင့် တောင်ဘက်အရပ်များမှာ ပင်လယ်ကမ်းရိုးတန်းများ ဖြစ်ကြပြီး ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီ ပင်လယ်ပြင်တို့နှင့် ဆက်စပ်နေသည်။

စာရေးသူတို့သည် ချောင်းဝအဝယ်ဒိုင်တွင် ခေတ္တနားပြီး ပင်လယ်ပြင်ရေလုပ်သားများဘဝကို လေ့လာကြည့်ရှုခဲ့သည်။

မျှင်ကောင်ငယ်လေးများသည် ပင်လယ်နှင့်စပ်သည့် ပင်လယ်ဝ၊ ရေချို၊ ရေငန်ရောက်မြစ်ကြောင်းများတွင် အများဆုံးရှိပြီး မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် သမားရိုးကျဖမ်းသည့် နည်းများမှာ ကျားကြီးပိုက်၊ တိုင်ထောင်ကျားလုံးခေါ် ပိုက်စိမ်း၊ ဂါးဖောင်နှင့် လက်ထိုးပိုက်များဖြင့် ဖမ်းယူခြင်းဖြစ်သည်။ ကျားကြီးပိုက်ဆိုသည့် အတောင် ၁၀၀ခန့်ရှိသော ပိုက်အိတ်ကြီးကို ပိုက်လက်နားတွင် ဝါးပိုးဝါးနှစ်ချောင်း ချည်နှောင်ထားပြီး ပိုက်အောက်သားကို ရေတွင်ကျောက်ဆူးပန္နက်ရိုက်၍ ချထားသည်။ ပိုက်လက်နားတစ်ဖက်ကို ငုတ်တိုင်တွင်ချည်ထားပြီး ကားဟနေသော အပိုင်းကို ကျားပါးစပ်ဟုလည်းကောင်း၊ ဝါးလုံးတန်းကြီးများကို ကျားလက်ဟုလည်းကောင်း ခေါ်ဆိုသည်။ ယင်းပိုက်ကို ရေစီးအတိုင်း မျှောထားပြီး ရေတက်နှင့်ထောင်ပါက ရေကျနှင့်အတူ ပြန်ပေါ်လာသည်။ ဤပိုက်မျိုး၏ အဆုံးတွင် ဆန်ခါကွက်အရွယ် ပိုက်အိတ်များပါရှိပြီး မျှင်အထိအမိများလေသည်။ အခြားမြီးတံသွယ်၊ ငါးရောင်၊ ငါးနုပ်၊ ငါးလိပ်ကျောက်၊ ငါးပုတ်သင်နှင့် အခြားငါးငယ်လေးများကိုလည်း မိတတ်သည်။

"ပြာသိုလမိုက် ကဏန်းတိုက်" ဟူသောအဆိုအရ ပြာသိုလတွင် ကဏန်း အမိများကြောင်းသိရသည်။ တိုင်ထောင်ကျားလုံးသည် ကျားကြီးပိုက်သဘောဖြစ်သော်လည်း အရွယ်အစားသေးငယ်ပြီး အစိမ်းရောင်ပိုက်များကို သုံးတတ်သဖြင့် ပိုက်စိမ်းဟုလည်းခေါ်ဆိုကြသည်။ အခြားနည်းလမ်းတစ်နည်းမှာ ငပုတောမြို့နယ် ဘုန်းတော်ပြည့်၊ ကျောက်ကလပ်နှင့် လပ္ပတ္တာမြို့နယ်နှင့် ဘိုကလေး၊ ဖျာပုံမြို့နယ် ပြင်စလူတွင် အသုံးများသည့် ဂါးဖောင်ဖြင့် ဖမ်းနည်းပင်ဖြစ်သည်။

စာရေးသူတို့ စက်လှေသည် ငပုတောမြို့နယ်မှ သာပေါင်းမြို့နယ်သို့ ဆက်လက်၍ တရွေ့ရွေ့ ခုတ်မောင်းနေသည်။ သာပေါင်းသင်္ဘောဆိပ်မှ ကားတစ်စီးဖြင့် သာပေါင်းစက္ကူပျော့ဖတ်စက်ရုံ အသစ်ကြီးဆီသို့ သွားရောက်ခဲ့သည်။

ဧရာဝတီတိုင်း သာပေါင်းဒေသသည် ဤပျော့ဖတ်စက်ရုံကြီးကို အခြေခံပြီး စက္ကူထုတ်လုပ်သည့် စက်မှုလုပ်ငန်းများထွန်းကားရာ နယ်မြေအဖြစ် ခိုင်မာစွာပေါ်ထွက်လာပြီဖြစ်သည်။ ဧရာဝတီတိုင်း၏ အနောက်ဘက်ခြမ်းတွင်ရှိသည့် သာပေါင်း၊ ရေကြည်၊ လေးမျက်နှာ၊ ငပုတောမြို့နယ်များနှင့် ရခိုင်ပြည်နယ်မှ ဂွမြို့နယ်စသည့်မြို့နယ်ပေါင်း ငါးမြို့နယ်အတွင်း၌ သဘာဝအရ ပေါက်ရောက်နေသည့် ဝါးတောဧရိယာ ဧကလေးသိန်းခန့်မှ ဝါးကုန်ကြမ်းများကို အခြေပြုပြီး ခေတ်မီနည်းစနစ်များဖြင့် ပျော့ဖတ်အဖြူချပ် ထုတ်လုပ်သွားမည့် သာပေါင်းစက်ရုံကြီးသည် တစ်နေ့လျှင် ဝါးလုံးရေခြောက်သိန်း၊ တန်ချိန်အားဖြင့် ဝါးတန် ၁၂၀၀ကို ကြိတ်ဝါးအရောင်ချွတ်ပြီး ပျော့ဖတ်တန်၂၀၀ ထုတ်လုပ်သွားမည်ဖြစ်သည်။ ထုတ်လုပ်လိုက်သည့် ပျော့ဖတ်တန် ၂၀၀ထဲမှ တန်၁၅၀ခန့်ကို နိုင်ငံခြားသို့ တင်ပို့ပြီး တန်၅၀ ခန့်ကို ပြည်တွင်း၌ စက္ကူဖြူစက္ကူချောနှင့် စက္ကူအမျိုးမျိုး ထုတ်လုပ်ရေးတွင် သုံးစွဲသွားမည်ဖြစ်သည်။ ဤကဲ့သို့ စက္ကူအမျိုးမျိုး ထုတ်လုပ်နိုင်ရန်အတွက် တစ်နေ့ တန် ၅၀ကျ အဆင့်မြင့် စက္ကူစက်ရုံနှင့် တစ်နေ့တန် ၆၀ ကျ သတင်းစာစက္ကူ စက်ရုံတို့ကို ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

၂၀၀၅ခုနှစ် မေလ၁၄ရက်နေ့ ထိုစက်ရုံကြီးဖွင့်လှစ်စဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက–

"ဤကဲ့သို့ အရင်းအနှီးကြီးပြီး အဆင့်မြင့် နည်းပညာသုံးစွဲရသည့် စက်ရုံများကို ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်ရင်းနှီး လုပ်ကိုင်ရန် မလွယ်ကူသည့်အပြင် စက္ကူထုတ်လုပ်သည့် စက်မှုလုပ်ငန်းသည် နိုင်ငံတော်အတွက် အမှန်လိုအပ်နေသည့် စက်မှုလုပ်ငန်းအမျိုးအစားမျိုး ဖြစ်သည့်အတွက် နိုင်ငံတော်က ယခုကဲ့သို့ ရင်းနှီးထူထောင်ရခြင်း ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို စက်မှုနိုင်ငံအဖြစ် အသွင်ကူးပြောင်းထူထောင်နိုင်ရေးအတွက် မိမိနိုင်ငံ၏ ပေါများလှသည့် သစ်တောထွက် သယံဇာတပစ္စည်းများကို အခြေပြုသည့် စက္ကူနှင့် ပျော့ဖတ်စက်မှုလုပ်ငန်းကို အခြေချထူထောင်ခြင်းပင်ဖြစ်ကြောင်း"ရှင်းလင်းပြောကြားခဲ့သည်။

သာပေါင်း ပျော့ဖတ်စက်ရုံမှထုတ်လုပ်သည့် ပျော့ဖတ်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမည် ဖြစ်သကဲ့သို့ ပြည်တွင်းတွင်လည်း စက္ကူအမျိုးမျိုး တိုးချဲ့ထုတ်လုပ်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ရာ သာပေါင်း ပျော့ဖတ်စက်ရုံနယ်မြေမှ စက်ရုံများသည် ခေတ်မီပြည်ပပို့ကုန် စက်မှုလုပ်ငန်းအဖြစ်နှင့် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဖြစ်ပါ ဒွန်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ပျော့ဖတ်စက်ရုံကြီးတစ်ခုအတွက် မတည်ရင်းနှီးရသည့် ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၉၀ ခန့်နှင့် ပြည်တွင်းသုံးငွေကျပ် ၂၈ ဘီလီယံခန့် သုံးစွဲရသည့်အတွက် အလွန် အရင်းအနှီးကြီးမားသည့် စက်ရုံကြီးဖြစ်သည်။ ဤစက်ရုံကြီးပတ်ဝန်းကျင်၌ တည်ဆောက်ရန် စတင်ပြင်ဆင်နေသည့် အဆင့်မြင့် စက္ကူစက်ရုံအတွက် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၈ သန်း၊ သတင်းစာစက္ကူစက်ရုံသည် အမေရိကန်ဒေါ်လာ ၃၆ သန်းကျော် ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

ထို့ကြောင့် မကြာမီကာလအတွင်းတွင် ယခုဖွင့်လှစ်သည့် ပျော့ဖတ်စက်ရုံကြီးအနီး၌ပင် အဆင့်မြင့်စက္ကူစက်ရုံနှင့် သတင်းစာစက္ကူစက်ရုံတို့ကိုပါ တည်ဆောက်ပေးသွားမည် ဖြစ်သည့်အတွက် သာပေါင်းဒေသသည် စက္ကူနှင့်ဓာတုဗေဒ စက်မှုလုပ်ငန်းဇုန်အဖြစ် ပြောင်းလဲရောက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့် စည်ပင်ဝပြောလာပေတော့မည်။ ခေတ်မီစက်ကိရိယာပစ္စည်းများကို ကိုင်တွယ်သုံးစွဲသည့် ခေတ်မီနည်းပညာများသည်လည်း ဒေသတွင် ဆက်စပ်ပြန့်ပွားလာမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁သို့ ★

သာပေါင်း ပျော့ဖတ်စက်ရုံမှ ထုတ်လုပ်သည့် ပျော့ဖတ်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမည် ဖြစ်သကဲ့သို့ ပြည်တွင်းတွင်လည်း စက္ကူအမျိုးမျိုး တိုးချဲ့ ထုတ်လုပ်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ရာ သာပေါင်းပျော့ဖတ်စက်ရုံ နယ်မြေမှ စက်ရုံများသည် ခေတ်မီပြည်ပပို့ကုန် စက်မှုလုပ်ငန်းအဖြစ်နှင့် သွင်းကုန် အစားထိုး စက်မှုလုပ်ငန်းအဖြစ်ပါ ဒွန်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာ လောကသာမ ဆုတောင်းပြည့်စေတီတော် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၁

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ကျေးရွာရှိ လောကသာမဆုတောင်းပြည့် စေတီတော်အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသကၤန်းတော်ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဇွန် ၄ရက် နံနက် ၈နာရီက အဆိုပါစေတီတော်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ ပြည်နယ်/ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကိုးပါးသီလခံယူ

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်များကိုလည်းကောင်း၊ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ပရိမာရပ်ပွားဆင်းတုတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ ရေစက်ချတရားကို နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြာသကၤန်း၊ ဌာပနာပစ္စည်းများနှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည်၍ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လောကသာမဆုတောင်းပြည့် စေတီတော် အထက်ဌာပနာသွင်းမည့်နေရာသို့ တက်ရောက်နေရာယူကြပြီး မင်္ဂလာအချိန်တွင် ဌာပနာတော်များအား အစဉ်အတိုင်း ထည့်သွင်းပူဇော်ပေးကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း တင်လှူပူဇော်ကြပြီး ဆရာတော်ကြီးများက ဇယမင်္ဂလာဗောဓိယာမူလေ ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြ၍ တိုင်းမှူးက စေတီတော်ထက်၌ သာသနာ့အလံတော်ကို လွှင့်ထူပူဇော်ကာ ငြမ်းထက်တွင် ကြာသကၤန်းကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက လှူဒါန်းမှု အစုစုအတွက် အမျှပေးဝေကြသည်။

မဟာဗောဓိပင်စိုက်ပျိုး

ဆက်လက်၍ စေတီတော်ပရဝဏ်အတွင်း မဟာဗောဓိပင် စိုက်ပျိုးပူဇော်မည့် မြေနေရာတွင် ရတနာများထည့်သွင်းပူဇော်ပြီး မင်္ဂလာအချိန်တွင် မဟာဗောဓိပင်ကို စိုက်ပျိုးပေး၍ မြေဩဇာထည့်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ပေးပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ သစ်ခက်ရေလွှဲဆည်နှင့် ပန်တောင်ယန် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

သဲအင်းဂူဆရာတော်ကြီး ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် မူလ သဲအင်းဂူဆရာတော်ကြီးအား ရည်စူး၍ ပူဇော်ပွဲကို ဇွန် ၁၈ရက် မွန်းတည့် ၁၂နာရီတွင်ကျင်းပမည်ဖြစ်သည်။ အဓိဋ္ဌာန်စခန်းကို ဇွန် ၁၉ရက်မှ ၂၆ရက်အထိ ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာမိနှင့် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တရေဝရ(ကျောက်ပန်းတောင်း)တို့က သမထ-ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဇွန် ၁၈ရက် (စနေနေ့)ညနေ ၅နာရီ အရောက် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှု၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျောင်းနေအရွယ်ကလေးငယ်များအား စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ခြင်းအခမ်းအနားကို ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၂)ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ရပ်ကွက်အသင်းဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အလှူရှင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၇၀၀အတွက် တန်ဖိုးကျပ် ၁၉၂၅၀၀၀ ရှိ ကျောင်းသုံးစာအုပ် ဒါဇင် ၇၀၀ နှင့် ဝတ်စုံ ၇၀၀ကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်သည်။ **(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)

★ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

လက်ရှိ နိုင်ငံပိုင်စက်ရုံများဖြစ်သည့် စစ်တောင်းစက္ကူစက်ရုံ၊ ပလိပ် သတင်းစာစက္ကူစက်ရုံနှင့် ကံဘဲ့ကုန်ထုတ်စက္ကူစက်ရုံတို့၏ စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် တန် ၂၅၀၀၀ ခန့်ရှိပြီး ပုဂ္ဂလိက စက္ကူစက်ရုံ ၃၀၀ ခန့်မှ တန် ၂၇၀၀၀ ကျော် ထုတ်လုပ်နိုင်သည့်အတွက် စုစုပေါင်း ပြည်တွင်းစက္ကူမျိုးစုံထုတ်လုပ်နိုင်အားသည် တန် ၅၂၀၀၀ ခန့်သာရှိကြောင်း သိရသည်။

နိုင်ငံတော်၏ စက္ကူလိုအပ်ချက်သည် ခေတ်သစ်၊ စနစ်သစ် ပြောင်းလဲမှုနှင့်အတူ သိသိသာသာ တိုးတက်များပြားလာလျက်ရှိပြီး တစ်နှစ်လျှင် စက္ကူအမျိုးမျိုးတန်ချိန် ၁၆၀၀၀၀ ခန့်ရှိနေသည်။ ပြည်တွင်းစက္ကူထုတ်လုပ်နိုင်အားသည် သုံးစွဲမှု ပမာဏ၏ ၃၃ ရာခိုင်နှုန်းခန့်သာရှိသေးသည့်အတွက် နိုင်ငံခြားမှလိုအပ်သည့်စက္ကူများ တင်သွင်းပြီးဖြည့်စွက်သုံးစွဲနေရသည်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍ ထုတ်လုပ်မှုတို့တွင် ဧရာဝတီတိုင်း၏ ပါဝင်မှုအချိုးအစားသည် ပြည်နယ်တိုင်းများထဲတွင် အများဆုံးဖြစ်သည့်အပြင် နိုင်ငံတော်၏ အမျိုးသားစီးပွားရေး (ဂျီဒီပီ)၌ ဧရာဝတီတိုင်းသည် ရှေ့တန်းမှ ပါဝင်အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် ဧရာဝတီတိုင်း၏ စီးပွားရေးအခြေအနေ တိုးတက်မှုသည် နိုင်ငံတော်တစ်ရပ်လုံး၏ စီးပွားရေးကို သိသာစွာ ရောင်ပြန်ဟပ်စေနိုင်သည်။

ယခုအခါ စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်းနှင့် ဝါးစိုက်ခင်းများ တွဲဖက်စိုက်ပျိုးထူထောင်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ဝင်ငွေ တိုးတက်မြင့်မားလာပြီး ဧရာဝတီတိုင်း၏ စီးပွားရေးကဏ္ဍသည်လည်း သိသာစွာ တိုးတက်လာမည်ဖြစ်ရာ နိုင်ငံတော်အတွက်လည်း အကျိုးကြီးမားပြီး ဝမ်းမြောက် ဂုဏ်ယူဖွယ်လည်းဖြစ်ပေသည်။ ဤစက်ရုံ ဖွင့်လှစ်ပေးခြင်းကြောင့် ငဝန်မြစ်အနောက်ဘက်ခြမ်း၊ အထူးသဖြင့် သာပေါင်းဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုလျက် ရှိနေပြီဖြစ်သည်။

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံမှာ မြန်မာနိုင်ငံ၌ လောလောဆယ်တွင် တည်ဆောက်ပြီးစက်ရုံများအနက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအရလည်းကောင်း၊ ထုတ်ကုန်ပမာဏအရလည်းကောင်း၊ လုပ်သားအင်အားအရလည်းကောင်း အကြီးဆုံးစက်ရုံတစ်ရုံဖြစ်သည်။ စက်ရုံအတွက် သစ်တောသယံဇာတများကိုအသုံးပြုရင်း တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမဖြစ်ပေါ်စေရန် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စက်မှုသုံး သစ်တောစိုက်ခင်းများကို ၂၀၀၀ပြည့်နှစ်မှစ၍ စိုက်ပျိုးလျက်ရှိရာ စုစုပေါင်းသစ်ဧက ၁၂၆၅၀နှင့် ဝါးဧက ၃၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်၏ ပေါများကြွယ်ဝလှသည့် သစ်တောသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုပြီး ပျော့ဖတ်နှင့်စက္ကူစက်ရုံများ တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြင့် ကုန်ထုတ်အရင်းအနှီးများ၊နည်းပညာအသစ်များ၊ အလုပ်အကိုင်အသစ်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူ ဖြစ်စေမည်ဖြစ်ရာ ပျော့ဖတ်များကို နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေကိုလည်း တိုးမြှင့်ပြီး ရှာဖွေနိုင်မည်ဖြစ်သည်။

လယ်ယာသားငါးကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့ဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသော ဧရာဝတီတိုင်းတွင် စက်ရုံသစ်ကြီးများ ပေါ်ထွန်းလာပြီး စက်မှုကဏ္ဍ ထွန်းကားရေးကိုပါ အားဖြည့်ပေးလျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သက်ကြီးပူဇော်ပွဲ ရန်ပုံငွေရရှိရေး ပါဝင်ကူညီသူများအားဂုဏ်ပြု

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ (၂၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ရန်ပုံငွေရရှိရေးအတွက် ပါဝင်ကူညီသူများအား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ)၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် နာယက ဒေါက်တာဒေါ်တင်လင်းမြင့်က သက်ကြီးပူဇော်ပွဲ ရန်ပုံငွေရရှိရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် မင်္ဂလာကုမ္ပဏီလီမိတက်၊ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၊ ရွှေနန်းတော် ရွှေဆိုင်၊ ဧဝရက်ရုပ်ရှင်ထုတ်လုပ်ရေးနှင့် မြသရဖူရုပ်ရှင်ထုတ်လုပ်ရေးတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်များချီးမြှင့်သည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများနှင့် မြို့သစ်(က+ခ)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲတို့ ပူးပေါင်း၍ ရပ်ကွက်အတွင်းနေထိုင်သူများအား သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၀ ရက်က (က-၃)လမ်း ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်ကျင်ပို့ ဟောပြောစဉ်။(၆၁)

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

၂၀၀၅ - ခုနှစ် ဇွန်လ (၁၄)ရက်

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၂-၆-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	စပါးစပ်မျိုးမှဝတ်မှုန်အသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွားစပါးထုတ်လုပ်ခြင်း
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	Sunday Talk
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါအန္တရာယ်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	၂၀၀၅ ခုနှစ် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ကျွန်းအထူးစိုက်ခင်း
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	အခြေခံပန်းချီပညာမိတ်ဆက်
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၏ နောက်ခံသမိုင်းနှင့် လုပ်ငန်းတာဝန်များ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြောက်ဥက္ကလာပမြို့နယ်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကျောက်ရေတွင်း ခုံးကျော်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရ-က-တ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကျောက်ရေတွင်း ခုံးကျော်တံတားစီမံကိန်း ကြည့်ရှုစစ်ဆေး စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကျောက်ရေတွင်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ကျောက်ရေတွင်း ခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး တံတားအောက်ခြေပိုင်တိုင် များအားလုံး ပြီးစီးမှု၊ တံတားကွန်ကရစ်ကြမ်းခင်း ခင်းကျင်းပြီးစီးမှု၊ တံတားပေါ်၌ လူသွားစင်္ကြံ ပြုလုပ်လျက်ရှိမှုနှင့် တံတားလက်ရန်းများ တပ်ဆင်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးဦးဖေသန်းနှင့် စီမံကိန်း အင်ဂျင်နီယာဦးမျိုးဝင်းတို့က လိုက်လံ ရှင်းလင်း ပြသကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးဖေသန်းက တံတား တည်ဆောက်ပြီးစီးမှု အခြေအနေ၊ တံတားတည်ဆောက်ရေးဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းနှင့်ဆက်စပ်နေသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် တံတားစီမံကိန်းလုပ်ငန်းကို သတ်မှတ်ချိန်ထက် ဆောလျင်စွာ ပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ရန်ကုန်မြို့တော်အတွင်း ခုံးကျော်တံတား ၂၅ခု တည်ဆောက်ပြီးစီးမှုနှင့် ခုံးကျော်တံတားများ ဆက်လက်တည်ဆောက်ရန် လိုအပ်မည့် နေရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းမီပြီးစီးရန်မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကျောက်ရေတွင်း ခုံးကျော်တံတား တည်ဆောက်ပြီးစီးသွားပါက ကျောက်ရေတွင်းဘူတာသို့ ရထားများဖြတ်သန်းဝင်ရောက်ချိန်တွင် မော်တော်ယာဉ်များ ရပ်တန့်စောင့်ဆိုင်းစရာမလိုတော့ဘဲ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ရာ အချိန်စောပြီးသည်နှင့်အမျှ ပြည်သူများအတွက် ပိုမိုအကျိုးရှိစေသဖြင့် တံတားကြီး သတ်မှတ်စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကျောက်ရေတွင်း ခုံးကျော်တံတားသည် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၌ တည်ရှိပြီး တစ်လမ်းသွားလမ်းအရှည် ၈၁၇ပေ ခြောက်လက်မ၊ နှစ်လမ်းသွား လမ်းအရှည် ၁၄၁၇ပေ ခြောက်လက်မဖြင့် စုစုပေါင်း အရှည် ၂၂၃၅ ပေရှိသည့် "ဗိုင်" ပုံသဏ္ဌာန် သံကူကွန်ကရစ် တံတားအမျိုးအစား ဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်း အကျယ်မှာ ၂၈ပေရှိပြီး လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေ ၁၁လက်မစီရှိ၍ အမြင့် ၁၄ပေ ရှိသည်။ တံတား တည်ဆောက်ရေး စီမံကိန်းကို ယခုနှစ် မတ် ၂၀ရက်မှ စတင်၍အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စီမံကိန်း၏ ၇၀ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ တံတားတည်ဆောက်ပြီးစီးသွားပါက မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ တောင်ပိုင်းနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်များသို့ အချိန်တိုအတွင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

✧ ရှေ့ဖုံးမှ

အမှတ် (၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီနှင့် ကော်မတီဝင်များနှင့်အတူ အင်္ဂလိပ်ဘာသာဖြင့် Equality၊ မြန်မာဘာသာဖြင့် **"အမျိုးသမီးများ အရေးပါမှုအလေးထား ကမ္ဘာမြေဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား"** ခေါင်းစဉ်ဖြင့် အသက်ခြောက်နှစ်မှ ရှစ်နှစ်၊ အသက် ကိုးနှစ်မှ ၁၂နှစ်၊ အသက် ၁၃နှစ်မှ ၁၅နှစ်နှင့် အသက် ၁၆နှစ်မှ ၁၈နှစ် ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

အဆိုပါ ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၆၀ ပါဝင်ယှဉ်ပြိုင်ကြပြီး အသက် (၁၉)နှစ်အထက်ကို အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားသည်။ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲများမှ အသက်အဆင့်လိုက် အကောင်းဆုံးပိုစတာ ၁၀ ပုံစီကို ရွေးချယ်၍ ပြည်သူ့အင်အားဦးစီးဌာနသို့ပေးပို့စေပြီး ဗဟိုအဆင့် အကဲဖြတ်အဖွဲ့ဖြင့် ဆုရပိုစတာများကို ရွေးချယ်မည်ဖြစ်သည်။

အသက်အဆင့်လိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသည့် ပိုစတာများကို အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ဌာနချုပ်သို့ ပေးပို့သွားမည်ဖြစ်သည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ရေလှောင်တမံ ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြို့လှချောင်းပေါ်၌ အလျားပေ ၂၁၀၀၊ အမြင့်ပေ ၈၀ရှိသည့်မြို့လှ(တပ်ကုန်း) ရေလှောင်တမံ၏ မြေသားတမံကို စက်ယန္တရားများဖြင့် မြေဖို့၊ မြေကြိတ်၊ ရေဖျန်းဆောင်ရွက်နေမှုနှင့် ဆည်ရေသိုလှောင်မည့် တမံအတွင်းပိုင်း ပြီးစီးသောအပိုင်း၌ ကျောက်ကပ်စီမှုတို့ကိုလည်းကောင်း၊ အကျယ်ပေ ၃၀ ရှိသည့် ရေပိုလွှဲပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ မိုးစပါး အပြည့်အဝ စိုက်ပျိုးရေးနှင့် နွေစပါးစိုက်ပျိုးရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၀ရက်က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မော်မော်စန်းက ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေ ကျပ် ၁၁၄၃၀၀ ကို မြို့နယ်ပညာရေးမှူး ဦးချစ်အေးသို့ ပေးအပ်စဉ်။ (၂၃)

မိုင်းကိုင်မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

မိုင်းကိုင်မြို့နယ် ဆင်ခြေဖုံးမြောက်ကျေးရွာအုပ်စု ရွာတော်ကျေးရွာ၌ ခင်ပန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၄ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ ကုံးဆာကျေးရွာ နေခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နံနက် ၁၀နာရီတွင် လည်းကောင်း၊ ကုံးလုံးကျေးရွာ ဟသ်ာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နံနက် ၁၁နာရီတွင် လည်းကောင်း အဆိုပါ စာကြည့်တိုက် အဆောက်အအုံများ၌ အသီးသီး ကျင်းပရာ အခမ်းအနားများသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စာကြည့်တိုက်များကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာကုဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်လှိုင်လှိုင်ဦးနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စေတနာရှင်များက စာအုပ်များ လှူဒါန်းကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value yourself ---make healthy choices

❖ ရန်ကုန်မြို့တော်မှ ဖွင့်လှစ်ထားရှိမှုနှင့် ကျေးငှက်တိရစ္ဆာန်များ ပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ Zone အတွင်းရှိ လမ်းများအတိုင်း မော်တော်ယာဉ်ငယ်များဖြင့်ပတ်၍ စားသောက်ဆိုင်များ၊ မြန်မာ့ရိုးရာ အစားအစာ အရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုများကို လည်းကောင်း၊ မျှော်စင်ကျွန်းရှိ Fun Fair Stage နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ထားရှိမှုကို လည်းကောင်း၊ Souvenir Area အတွင်း မြန်မာ့ရိုးရာ လက်မှုပညာပစ္စည်း အရောင်းဆိုင်များ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ပန်းချီနှင့် ပန်းပု လက်ရာပစ္စည်း အရောင်းဆိုင်များကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးစီမံကိန်းကို Education Zone၊ Recreation Zone၊ Central Forest Zone နှင့် Relaxation Zone ဟူ၍ ဇုန်ကြီးလေးဇုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုဖွင့်လှစ်သည့် Recreation Zone သည် အဆိုပါ ဇုန်ကြီးလေးဇုန်အနက် ဒုတိယမြောက် ဖွင့်လှစ်ခဲ့သော ဇုန်ဖြစ်ပြီး ကျန်ဇုန်များကို မကြာမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လှိုင်သာယာမြို့နယ် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် အဝင်လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရ-က-တ)

ရန်ကုန်မြို့တော်လမ်းများ အဆင့်မြှင့်တင်ခင်းကျင်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းရေး ဆောင်ရွက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် လမ်းများ အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းသို့ ရောက်ရှိလာပြီး ကျိုက်ဝိုင်းဘုရားလမ်းအား စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းပွဲရုံနှင့် ယာဉ်ရပ်နားစခန်းအနီး ပြည်လမ်းနှင့် ဘူတာရုံလမ်းဆုံ၌ လမ်းဘေး ဝဲ/ယာ အမှိုက်များရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းဘေး ရေနုတ်မြောင်းနှင့် လမ်းဖြတ်ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ကြူစမ်းရပ်ကွက်အနီး ရန်ကုန်အမှတ်(၁)လမ်းနှင့် အမှတ်(၄)လမ်းတို့ကို ဆက်သွယ်ထားသည့်အရှည်ပေ ၁၁၁၀၀၊ အကျယ် ၁၈ပေရှိ အောင်ချမ်းသာလမ်းအား မြေသားလမ်းမှ ကျောက်ချောကတ္တရာလမ်း ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အမှတ်(၄) လမ်းမကြီးအား ရွှေပြည်သာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အထိ လမ်းသားတစ်ဖက်လျှင် ကိုးပေစီ ချဲ့ထွင်၍ လေးလမ်းသွား လမ်းမကြီးအဖြစ် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ လှိုင်သာယာမြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အဝင် လမ်းတစ်လျှောက် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်း၍ လမ်းဘေးဝဲ/ယာ အမှိုက်များ ရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မှာကြား

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မြို့တော်အတွင်းရှိ လမ်းများ အဆင့်မြှင့်တင် ခင်းကျင်းရာတွင် အသုံးပြုသည့် စက်ယန္တရားများကို အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ပျက်စီးမှုမရှိစေရေး၊ အစဉ်ဂရုတစိုက် ထိန်းသိမ်းအသုံးပြုကြရန်၊ မိုးရွာသွန်းမှုကြောင့် လမ်းများပေါ်၌ ရေတင်ရေလျှံခြင်းများ မရှိစေအောင် လမ်းများ၊ ရပ်ကွက်များရှိ ရေနုတ်မြောင်းများကို ဆယ်ယူရှင်းလင်းကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် အဝင်လမ်းမကြီးပေါ်၌ ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သစ်ပင်စိုက်ပွဲတော်သို့ ရောက်ရှိပြီး သစ်ပင်စိုက်ပွဲတော်အထိမ်းအမှတ်အဖြစ် ငုဝါပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက စိန်ပန်းကြီး၊ ငုဝါနှင့် ပိတောက်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ငုဝါ၊ စိန်ပန်းကြီး၊ ပိတောက်စသည့် အပင်ပေါင်း ၁၀၀၀ ကျော်ကို ဝိုင်းဝန်း စိုက်ပျိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ ဘော်ဘင်ရေလှောင်တမံ
၈း၂၀ ၈။ International News.
၈း၄၅ ၉။ Say it in English.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိန္ဒာနှင့်မိစ္ဆာခွင်းဓား" (အပိုင်း-၁၁)**
၁၂း၁၅ ၅။ မအီချောင်းတံတား
၁၂း၂၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကြောက်ရတဲ့ယောက္ခမ" (မိုးဒီ၊ ခင်လှိုင်၊ မျိုးသီရိကျော်) (ဒါရိုက်တာ-မောင်သီ)**
၂း၀၅ ၇။ တေးဂီတအစီအစဉ်
၂း၁၅ ၈။ အတီးပြိုင်ပွဲ
၂း၂၅ ၉။ စွန်ချောင်းရေလှောင်တမံ
၂း၃၅ ၁၀။ အဆိုပြိုင်ပွဲ
၂း၄၅ ၁၁။ International News.
၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅း၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၄၅ ၈။ တေးဂီတအစီအစဉ်
၅း၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း-၃၀)**
၇း၃၅ ၁၃။ တေးဂီတအစီအစဉ်
၇း၄၅ ၁၄။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၄၉)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

အောင်နိုင်ဆုချီးမြှင့်

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် အိုလံပစ်နေ့အထိမ်းအမှတ် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ၌ ဆုရရှိသူများအား အောင်နိုင်ဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

၂၀၀၅ခုနှစ် စပါယ်ရှယ် အိုလံပစ်မြန်မာ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၁

၂၀၀၅ခုနှစ် Special Olympic Myanmar အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အားကစားပြိုင်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်နှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာ နိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး အားကစားပြိုင်ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ ယနေ့ပြိုင်ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

ယနေ့ ပြိုင်ပွဲတွင် သက်တန်းအလိုက် ပွဲစဉ်ပေါင်း ၅၀ ကျင်းပပြီး အောင်နိုင်ဆု ရရှိကြသူများအား မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီး ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ပင်လောင်းမြို့ သာယာလှပရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၁

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ အရိပ်ရပင်များစိုက်ပျိုးခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၁၅ရက်တွင် ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ကျောက်တိုင်ကွင်း၌ အုတ်ခုံများပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောလှဦးနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ကြပ်မတ်ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ခိုင်မင်္ဂလာရတနာဆိုင် ဗိုလ်ချုပ်ဈေးမှ မိခင်ကြီး ဒေါ်ပိုက်ပိုက်အား အမှူးထား၍ ဦးခင်မောင်ကြည်-ဒေါ်ခင်သန်းခိုင်၊ သားနေဖြိုးဇင်၊ သမီး စုရည်မွန်ဇင်၊ ဝတ်ရည်ခိုင်ဇင်ဖူးမိသားစုက FEC ၃၀၀ ကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၁၁၄ မိုင်ရှည် တာကော်–မိုင်းပျဉ်း–ကျိုင်းတုံလမ်း ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်

ရန်ကုန် ဇွန် ၁၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန်၅ရက် နံနက်ပိုင်းတွင် မိုင်းပျဉ်းမြို့သို့ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင် မိုင်းပျဉ်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ အစီအစဉ်အရမိုင်းပျဉ်းမြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်တိုင်းမှူးသည် မိုင်းပျဉ်း–တုံတာလမ်းတစ်လျှောက် ကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တုံတာမြို့နယ်ကိုးကွေ့တောင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် တာဝန်ရှိသူများက တာကော်–မိုင်းပျဉ်း–ကျိုင်းတုံလမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဇယားကားချပ်များနှင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တုံတာ–ကျိုင်းတုံလမ်းအပိုင်း ကတ္တရာခင်းကျင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါတာကော်–မိုင်းပျဉ်း–ကျိုင်းတုံလမ်းသည် အရှည် ၁၁၄ မိုင်နှင့် အကျယ် ၁၂ပေရှိပြီး ယခင်ကျောက်ချောလမ်းမှကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်ခြင်းဖြစ်သည်။ (သတင်းစဉ်)

အဘယသန္တိစေတီတော် ရွှေထီးတော်တင်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇွန် ၁၁

အရှင်ဇေယျသိဒ္ဓိ ဓမ္မဥာဏိက ရွှေပေါက်ကျွန်း ဆရာတော်၏ တပည့် ဦးဝိလာသ ဦးဆောင်သော ရွှေပေါက်ကျွန်းသာသနာပြုစခန်း (သန်လျင်)အတွင်းရှိ အဘယသန္တိစေတီ ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို ၁၃၆၇ ခုနှစ် နယုန် လဆန်း၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားထားသည်။ (က–ပ)

ကာတာနိုင်ငံဒိုဟာမြို့၌ ကျင်းပမည့် (၇၇)နိုင်ငံအုပ်စုဝင် နိုင်ငံများမှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ ခေါင်းဆောင်များ၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးနှင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေး တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ဝင်း ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း စက်ရုံများစစ်ဆေး

ရန်ကုန် ဇွန် ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် ယမန်နေ့ နံနက် ၁၀နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး သစ်အကြမ်းထည်ခွဲစိတ်ခြင်း၊ အချောထည်လျှာထိုးပျဉ်များ ထုတ်လုပ်ခြင်း၊ အပ်ချုပ်စက်သုံး အခင်းပြားများ ထုတ်လုပ်ခြင်းတို့ကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဖော့ကန်ဖိနပ်စက်ရုံ အမှတ်(၁)ရှိ ဝင်းသူဇာအရောင်းဆိုင်ခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကြက်ဆင်တံဆိပ်ထီးစက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး မိုးရာသီဖြစ်သဖြင့် တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးရောင်းချနိုင်ရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့ နံနက် ၁၀နာရီတွင် သန်လျင်မြို့နယ်ရှိ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဖန်ချက်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှ တာဝန်ရှိသူများက ဖန်ခွက်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖန်ခွက်ထုတ်လုပ်မှုအဆင့်ဆင့်ကိုကြည့်ရှုစစ်ဆေး၍ စက်ရုံက ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်ခွဲ ရောင်းအားမြှင့်တင်ရေးအတွက် လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းအောက်ရှိ ပလတ်စတစ်ထုပ်ပိုး ပစ္စည်းစက်ရုံ၊ ပလတ်စတစ်ပစ္စည်းစက်ရုံတို့မှ ရေခွက်များ၊ခြင်းများ၊ ဘူးများ၊ ပန်းကန်ပြားများနှင့် အိမ်သာအိုးများ ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖိနပ်စက်ရုံအမှတ်(၂)သို့ သွားရောက်ပြီး သားရေရှူးဖိနပ်အမျိုးမျိုးနှင့် ကင်းဘတ်ဖိနပ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စက္ကူပစ္စည်းထုပ်ပိုးစက်ရုံနှင့်အထည်ချုပ်စက်ရုံအမှတ်(၁၈)တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

မြို့တော်ဝန်ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စစ်ရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊အတွင်းရေးမှူးဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးမစ္စတာလီကျင်ကျွမ်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှူး ဦးလှမြင့်ဆွေ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ဌာနမှူး ဦးကျော်သန်း၊ ထုတ်လုပ်ရေးဌာန ဌာနမှူး ဦးကျော်ဝင်းနှင့် အခွန်ဌာန ဌာနခွဲမှူး ဦးဝင်းလှိုင်ထွန်းတို့ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးညွန့်ဝင်း ကာတာနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ဝင်းသည် ကာတာနိုင်ငံ ဒိုဟာမြို့၌ ဇွန် ၁၃ရက်မှ ၁၆ရက်အထိကျင်းပမည့် (၇၇)နိုင်ငံ အုပ်စုဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ခေါင်းဆောင်များ၏ ဒုတိယအကြိမ် ထိပ်သီး အစည်းအဝေးနှင့် ယင်းအစည်းအဝေး ကျင်းပနေစဉ်ကာလအတွင်း ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင်လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်ဝင်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဦးညွန့်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ စီးပွားရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ဝန်ကြီးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းတို့ လိုက်ပါသွားကြသည်။

အဆိုပါ အစည်းအဝေးသို့ နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်ကြီး ဦးကျော်တင့်ဆွေနှင့်ဒုတိယအတွင်းဝန် ဦးအောင်ခိုင်မင်းတို့လည်း ပါဝင်တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အင်းတိုင်မြို့နေ ဦးအောင်ဇော်လင်း၊ဒေါ်စန္ဒာအေး(သား)မောင်လင်းသီဟ၏(၁)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်နှင့်သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှသောင်း နှင့်အဖွဲ့ ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ခဲ့သည့် စံပြမြို့ပြ ကျောက်ချောလမ်းပြီးစီးမှုကို လိုက်လံစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသာဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်/စည်ပင်)

အာရှအားကစားပြိုင်ပွဲအကြို အပျော်အပြေးပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်း အသက်(၁၆)နှစ်နှင့်အောက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၁

အာရှအိုလံပစ်ကောင်စီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ ပူးပေါင်းကျင်းပသော အာရှအားကစားပြိုင်ပွဲအကြို အပျော်အပြေးပြိုင်ပွဲ (ASIAN GAMES FUN RUN)အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အမှတ်တရ ဓာတ်ပုံရိုက်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က အာရှအားကစားပြိုင်ပွဲအကြို အပျော်အပြေးပြိုင်ပွဲ (Asian Games Fun Run)ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် ကော်မတီဝင်များက စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပထမပွဲစဉ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဒုတိယပွဲစဉ်ကို လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တတိယပွဲစဉ်ကို လည်းကောင်း သေနတ်ပစ်ဖောက်၍ အသီးသီး တာလွှတ်ပေးလိုက်သည်။

ဆုများချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးက အသက်(၉–၁၀) နှစ် အတန်းပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ အသက်(၁၁–၁၂) နှစ်အောက် အတန်းပြိုင်ပွဲတွင် ဆုရရှိကြသူများအားမြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက လည်းကောင်း၊ အသက်(၁၃–၁၄) နှစ်အတန်း အမျိုးသားပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်မြသိင်္ဂီ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့ကလည်းကောင်း၊ ယခုပြိုင်ပွဲ၏ အမှတ်တရ ပြိုင်ပွဲအဖြစ် ထည့်သွင်းကျင်းပသော အသက်(၁၃–၁၄)နှစ် အတန်းပြိုင်ပွဲတွင် ဆုရရှိကြသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဦးဇော်ဇော်နှင့် ဒေါက်တာဒေါ်ခင်မေအုန်းတို့က လည်းကောင်းဆုများ အသီးသီး ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆုရရှိကြသူများ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၁၆ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အားကစားနည်း ၃၉နည်းအတွက် ပွဲစဉ်အမျိုးအစား ၄၁၁ပွဲ ပါဝင်မည်ဖြစ်သည်။

ဘော်လီဘောဆုချီးမြှင့်

ထို့နောက် ဝန်ကြီးသည် ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၅ခုနှစ် ပြည်နယ်နှင့်တိုင်း အသက်(၁၆)နှစ်နှင့် အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဒိုင်းဆုများ ချီးမြှင့်သည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်က ပထမရရှိပြီး ပဲခူးတိုင်းက ဒုတိယရကာ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့က ပူးတွဲတတိယ ရရှိကြသည်။

အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)က ပထမရရှိပြီး မန္တလေးတိုင်းက ဒုတိယရရှိကာ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့က ပူးတွဲတတိယ ရရှိကြသည်။

ဆုချီးမြှင့်ပွဲ

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် တာဝန်ခံ နာယကများက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ဆုရရှိကြသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ကလည်းကောင်း တစ်ဦးချင်း ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသော မန္တလေးတိုင်းမှ တင်ဇော်မိုးနှင့် ပဲခူးတိုင်းမှ ဆုမွန်ထူးတို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးက အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော ကယားပြည်နယ်တို့အား တံခွန်စိုက်ဒိုင်းဆုကြီးများ ချီးမြှင့်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပြည်နယ်နှင့်တိုင်း အသက်(၁၆)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအား တံခွန်စိုက်ဒိုင်း ချီးမြှင့်စဉ်။ (ကြေးမုံ)

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ကြိုဆိုထောက်ခံသည့်အနေဖြင့် ပြုလုပ်သော (၁၆)နိုင်ငံမြောက် အာရှအားကစားပြိုင်ပွဲ အပျော်အပြေးပြိုင်ပွဲ စတင်တာထွက်စဉ်။ (ကြေးမုံ)

ကမ္ဘာ့ဖလား လူငယ်ဘောလုံးပြိုင်ပွဲကျင်းပ အိမ်ရှင်နယ်သာလန်က ဂျပန်ကို အနိုင်ရ

ပေကျင်း ဇွန် ၁၀

အသက် (၂၀)အောက် ကမ္ဘာ့ဖလား လူငယ်ဘောလုံးဗိုလ်လုပွဲများကို နယ်သာလန်နိုင်ငံတွင် ယနေ့ စတင်ကျင်းပရာ အိမ်ရှင် နယ်သာလန်လူငယ်အသင်းက ဂျပန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပီအက်စ်ဗွီအသင်းမှ ရှေ့တန်းကစားသမားဖြစ်သူ အိန့်ယိုဗင်သည် ပွဲစပြီး ခုနစ်မိနစ်တွင် နယ်သာလန်အသင်းအတွက် ပထမဂိုးကို စတင်သွင်းယူနိုင်ခဲ့သည်။ ၁၈ မိနစ်အကြာတွင် ကွင်းစီအိုဂူစူးအာဆေရေးက ဂျပန်နောက်တန်းလူ လေးဦးကို လှည့်ပတ်လိမ်ခေါက်ကာ ဘောလုံးကို ဘာဘေးလ်ထံသို့အရောက်ပို့ပေးလိုက်သည်။ ဘာဘေးလ်က ပိုင်ပိုင်နိုင်နိုင် ကန်သွင်းလိုက်သဖြင့် နယ်သာလန်အသင်း ဒုတိယဂိုး ထပ်မံရရှိသွားသည်။

ခေါင်းတိုက်သွင်း

ဂျပန်အသင်းသည် ဒုတိယပိုင်းအချိန်အတန်ကြာသည်အထိ ဂိုးမရရှိနိုင်သေးဘဲ ဆက်လက်ကာ ကြိုးစားကစားနေခဲ့သည်။ ကစားချိန် ၆၈မိနစ်တွင် အလွတ်ကန်ခွင့်ရသောဘောလုံးကို ဂျပန်အားကစားသမား ကိုကီမိဇူမိုက ကန်သွင်းသည်ကို ဆိုတာဟီရာရာမက ခေါင်းတိုက်သွင်းလိုက်နိုင်သည့်အတွက် ဂျပန်အသင်း ချေပဂိုးတစ်လုံး ရရှိသွားသည်။

နယ်သာလန်နှင့် ဂျပန်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးထပ်မံ မသွင်းနိုင်သဖြင့် ယနေ့ပွဲတွင် အိမ်ရှင်နယ်သာလန်အသင်းက ဂျပန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

သောကြာနေ့ပွဲကို ဘီနင်လူငယ်အသင်းနှင့် ဩစတြေးလျလူငယ်အသင်းများ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

သရေကျ

ပွဲကစားချိန် ၃၂မိနစ်တွင် ရာဇာတ်အိုမိုတိုယိုစီက ဂိုးသွင်းနိုင်ခဲ့သဖြင့် ဘီနင်အသင်း တစ်ဂိုးအသာဖြင့် ကစားနိုင်ခဲ့သည်။ ၅၉မိနစ်အရောက်တွင်မူ နစ်ဝဒ်က ချေပဂိုးတစ်လုံး ပြန်သွင်းနိုင်ခဲ့သည့်အတွက် ဘီနင်နှင့် ဩစတြေးလျပွဲမှာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။

အုပ်စု(အေ)တွင် ဒတ်ချ်အသင်းက သုံးမှတ်ရရှိကာ အုပ်စုဗိုလ်စွဲနေပြီး ဘီနင်နှင့် ဩစတြေးလျအသင်းတို့က တစ်မှတ်စီဖြင့် အမှတ်တူနေပြီး ဂျပန်အသင်းက တစ်မှတ်မျှ မရသေးဘဲ ရှိသည်။

စနေနေ့တွင် အုပ်စု(ဘီ)မှ တရုတ်လူငယ်အသင်းနှင့် တူရကီလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။ **အင်တာနက်။**

ဇွန် ၁၁ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၏ ၂၀၀၅ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် စေတနာရှင်အကျိုးဆောင်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)က အကျိုးဆောင်တစ်ဦးအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဂုန်နီစက်ရုံစစ်ဆေး မြောင်းမြခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုကြည့်ရှု

ရန်ကုန် ဇွန် ၁၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့ ဂုန်နီစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ မြောင်းမြ ဂုန်နီစက်ရုံအနေဖြင့် တစ်နေ့လျှင် ဂုန်နီကုန်ချောအိတ် ၃၀၀၀ နှုန်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ဆက်လက်၍ တိုင်းမှူးသည် မြောင်းမြ-အိမ်မဲလမ်း လမ်းတံတား အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝါးခယ်မလမ်းခွဲမှတစ်ဆင့် ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့သို့ သွားရောက်၍ နယ်မြေခံ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးသည် မော်လမြိုင်ကျွန်းမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က မော်လမြိုင်ကျွန်းမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက်တိုင်းမှူးသည်ဘိုကလေးမြို့သို့သွားရောက်၍ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဘိုကလေးမြို့အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘိုကလေး-ဖျာပုံကားလမ်းအတိုင်း လမ်းတံတားအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် တိုင်းမှူးသည် ဖျာပုံမြို့ လိပ်အူကုန်း ကျိုက္ကမျှင်စေတီတော်သို့လည်းကောင်း၊ ရွှေနတ်ဂူဘုရားကြီးသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံမှုနှင့် စပ်လျဉ်း၍ ဂေါပကအဖွဲ့ဝင်များ၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ်လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

လှူဒါန်း

နှစ်ဖက်သောမိဘများနှင့် အောင်မင်္ဂလာ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောသလ အရှင်မြတ်ကို အမှူးထား၍ ဆောက်လုပ်ဆဲ ဆွမ်းစားကျောင်းဆောင် တစ်ခန်းစာအတွက် ငွေကျပ် ခြောက်သိန်းခွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀၆) ဗိုလ်အောင်ကျော်လမ်းနေ ရဟန်းအမ ဒေါ်အေးသိန်း(ဆွိ-မိတ္တူနှင့်ကွန်ပျူတာ)မိသားစုက လှူဒါန်းစဉ်။ (က-ပ)

မြန်မာ-တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ ပထမအကြိမ် အစည်းအဝေးကို ဇွန် ၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအန်မင်နှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun တို့ တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ အစည်းအဝေး ပထမပိုင်း အစီအစဉ်များကို ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက အဖွင့်အမှာစကား ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်ရေး

ယင်းနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်မင်က မြန်မာ-တရုတ် နှစ်နိုင်ငံ အကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက လယ်ယာကဏ္ဍ၊ သယံဇာတကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ ငွေရေးကြေးရေး အကူအညီပေးရေးကဏ္ဍ၊ သင်တန်းအကူအညီပေးရေးကဏ္ဍ၊ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေး ပထမပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

အသေးစိတ်ဆွေးနွေး

ထို့နောက် အစည်းအဝေးဒုတိယ ပိုင်း အစီအစဉ်များကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် အဖွဲ့ငယ်များခွဲ၍ အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။

(သတင်းစဉ်)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ပတ်ဝန်းကျင်သန့်ရှင်းရေး ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၁၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၊ ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် မေ ၃၀ ရက် ညနေ ၄ နာရီတွင် အောင်မြေသာစံမြို့နယ် လမ်း ၂၀ နှင့် ၂၂ လမ်းကြား သီရိမာလာ အနောက်ရပ်ကွက် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် ရေဆိုးစစ်ကန်အဆင့်ဆင့်တူးဖော်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် လမ်း ၂၀ နှင့် ၂၂ လမ်းအကြား သင်္ဂဇာချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် ရေဆိုးစစ်ကန် အဆင့်ဆင့် တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးဦးထွန်းကြည်နှင့် တာဝန်ခံအင်ဂျင်နီယာများက ရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းလာသော ရေနုတ်မြောင်းငယ်များ စုပေါင်းစီးဝင်သည့် ရေကြည်မြောင်းရေသည် သင်္ဂဇာချောင်းအတွင်း စီးဝင်ရာတွင် သန့်စင်မှုရှိစေရန်အတွက် အနည်ကျကန် နှစ်ခု၊ ရေစစ်ကန်တစ်ခု တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် သင်္ဂဇာချောင်းရေသန့်စင်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သန့်ရှင်းရေးဌာန ဌာနမှူး ဦးတင်ထွဋ်ကျော်က သင်္ဂဇာချောင်းရေပြင်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များအတွင်း သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

မြို့တော်ဝန်နှင့်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ၂၂ လမ်းမှ ၃၅ လမ်းအထိ သင်္ဂဇာချောင်းပတ်လမ်းတစ်လျှောက် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ချောင်းရေသန့်စင်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ပတ်လမ်းမြေသား ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကျောက်ချောလမ်း ခင်းကျင်းထားရှိမှု အခြေအနေများနှင့် အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၂၃ လမ်းကြား၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြား၊ ပြည်ကြီးကျက်သရေအရှေ့ အကွက် (၁၆၃) ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (၄၆၉)

တိုက်(၃) အခန်း(၃၇) ရွှေဂုံရိပ်မွန်အိမ်ရာ ဗဟန်းမြို့နယ်နေ ဦးဒီကေရောင်း မိသားစုက ငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သန်းမြင့်အောင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)



နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇွန်လအတွက်

(၁၂-၆-၂၀၀၅)ရက်နေ့

နှင့်

(၂၆-၆-၂၀၀၅)ရက်နေ့

အမ်းမြို့နယ်တွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၃ ရက် နံနက် ၈ နာရီက အမ်းမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမ်းမြို့ ခုတင် ၁၀၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ဆောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆေးရုံသစ်အတွင်းရှိ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် လူနာဆောင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမ်းမြို့ ဟင်းရွက်ချောင်း ရေလှောင်တမံနှင့် အမ်းမြို့ ရေပေးဝေရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီးက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စီမံကိန်း လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

သနပ်ပင် ဇွန် ၅

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်က သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် သနပ်ပင်မြို့နယ် ပညာရေးမှူး ဦးကျော်ဝင်းက မြို့နယ်အတွင်း ကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်စိုး**(အပေါ်ပုံ)**နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် သူငယ်တန်းပုံနှိပ်စာအုပ် ဒါဇင် ၃၁၀၀နှင့် အလှူရှင်များမှ လှူဒါန်းသော အလှူငွေများကို အလှူရှင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းထံသို့ ပေးအပ်လှူဒါန်းကြသည်။ (၁၄၅)

ကျေးရွာဇီဝဓာတ်ငွေ့သုံးစက်ရုံတည်ဆောက်ရေး ကွင်းဆင်းစစ်ဆေး

တောင်သာ ဇွန် ၆

တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောသန့်ဆွေနှင့် ဇီဝဓာတ်ငွေ့သုံး လုပ်ငန်းကြီးကြပ်ရေး ကော်မတီဝင်များ ဇွန် ၃ ရက်က နန်းတဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ဇီဝဓာတ်ငွေ့သုံးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။

မှာကြား

အဆိုပါ အဖွဲ့အား လုပ်ငန်းတာဝန်ခံ ဦးတိုးအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းအောင်တို့က လုပ်ငန်း ဆောင်ရွက်မှုကို ရှင်းလင်း တင်ပြရာ မြို့နယ်ဥက္ကဋ္ဌက အချိန်မီ ပြီးစီးရေးနှင့် အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

(ယာပုံ) (မြို့နယ်ပြန်ဆက်)

စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် တာဝန်ပေးအပ်

ဒေးဒရဲ ဇွန် ၃

ဒေးဒရဲမြို့နယ်အတွင်း ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါး ၁၈၁၇၀၄ ဧက စိုက်ပျိုးထုတ်လုပ်ရန် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများသို့တာဝန်ပေးအပ်သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထိန်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(က-ပ)

ပြန်/ဆက်ရုံးသို့ သုတ၊ ရသစာအုပ်မျိုးစုံလှူဒါန်း

မန္တလေး ဇွန် ၇

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီက ၈၆ လမ်း၊ ၂၁ x ၂၂လမ်းကြားရှိ အဆိုပါ ရုံးတွင် ကျင်းပသည်။

လက်ခံရယူ

ရှေးဦးစွာ အလှူရှင် ၁၅လမ်း၊ ၈၇ x ၈၈ လမ်းကြား၊ နှင်းဆီခြံရပ်ကွက်နေ ဦးကံလှ(မောင်ခိုင်ဖြိုး-မန္တလေး) (သမဦးစီးမှူး-ငြိမ်း)- ဒေါ်စီ မိသားစုက (၆၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သုတ၊ ရသ စာအုပ်မျိုးစုံ ၁၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးစောဌေးက လက်ခံရယူသည်။

လှူဒါန်း

အလားတူ အလှူရှင် မိသားစုသည် ဥပုသ်တော်ရပ်ကွက်ရှိ စတုဘူမိက နဂါးပရိယတ္တိစာသင်တိုက် စာကြည့်တိုက်အတွက် ပိဋကတ်သုံးပုံကျမ်းစာအုပ်များနှင့် စာကြည့်တိုက် ငွေပဒေသာပင် ကျပ် ၁၀၀၀၀ ကို ဆရာတော် ဦးဝါသေဋ္ဌထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များရှိ အများပြည်သူတို့ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မင်္ဂလာကန်တော်ကြီးအား မိုးတွင်းကာလတွင် မိုးရေအပြည့်အဝသိုလှောင်ထားရှိနိုင်စေရေးအတွက် ကန်ပေါင်များ တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်က အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့်အဖွဲ့ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ဖားကန့် ဇွန် ၅

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်က မြို့မရပ်ကွက် ဗျူဟာကုန်းအဆင်းလမ်းတစ်လျှောက် ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးနေမျိုးနိုင်ဦးဆောင်၍ ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမင်းဟန်က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

စုပေါင်းဆောင်ရွက်

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ် (၁) ဈေးတွင် မေ ၃၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဈေးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ဇွန် ၃ ရက်က ပန်းတောင်း မြို့နယ်ရွာသစ်ကျေးရွာ တွင် တစ်လက်မခွဲ တွင်းတိမ် တူးဖော်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၅ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၇)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာ၊ မာဂါပါဂဲလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၂

၂၀၀၅ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီဟိုင်းယူ၊ ဖရက်ကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇေကမ္ဘာ ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က Recreation Zone ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် Recreation Zone ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် Recreation Zone ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် Recreation Zone အဝင်မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က Recreation Zone ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် Recreation Zone အတွင်းရှိ Viewing Deck၊ Barbecue Garden နှင့် Fuji စားသောက်ဆိုင်ဖွင့်လှစ်ထားရှိမှု၊ ကလေးကစားကွင်းအတွင်း ကလေးငယ်များ ပျော်ရွှင်စွာ ကစားနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ Mini Zoo အတွင်း Gift Shop **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✥

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း ရေရရှိရေး မြို့လှ(တပ်ကုန်း) ရေလှောင်တမံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၅ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း ရေရရှိရေးနည်းလမ်းအတွက် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် အင်းခုံရွာအနီး တည်ဆောက်နေသည့် မြို့လှ (တပ်ကုန်း) ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူးက စီမံကိန်း၏ အဓိကလုပ်ငန်းဖြစ်သော ပင်မတမံ၊ ရေပိုလွှဲနှင့် တူးမြောင်းလုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ တူးမြောင်း လုပ်ငန်းများ၊ ကျေးရွာဆည်ငယ် ကန်ငယ်လုပ်ငန်းများ၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊ နွေစပါး၊ ကြက်သွန် တိုးချဲ့စိုက်ပျိုးရေး၊ ဆင်သေရေလှောင်တမံ လက်ဝဲမြောင်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး၊ မြို့လှ(တပ်ကုန်း) **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တပ်ကုန်းမြို့နယ် အင်းခုံရွာအနီး ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်နေသည့် မြို့လှ(တပ်ကုန်း) ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(လယ်ယာ/ဆည်မြောင်း)